မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ် (၉၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အနာဂတ်မှာ ဒီမိုကရေစီကျင့်စဉ်ကို တန်ဖိုးရှိရှိကျင့်သုံး

ဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိပ္ပာယ်ထဲမှာ တရားဥပဒေစိုးမိုးမှု၊ အေးချမ်းတည်ငြိမ်မှု အပါအဝင် ကာကွယ်ရေး စွမ်းအား၊ စီးပွားရေးစွမ်းအား၊ လူမှုရေးစွမ်းအားတွေ ပါဝင်တယ်။ အဲဒီလို အရှိန်အဟုန်နဲ့ တည်ဆောက်နေတဲ့ ခိုင်မာတဲ့ အခြေခံအုတ်မြစ် အပေါ်မှာ အနာဂတ် နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားရမှာဖြစ်တယ်။ လွတ်လပ်ရေးရပြီးနောက် ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအခြေ အနေများကို ဆန်းစစ်ပြီး ရရှိခဲ့တဲ့ သင်ခန်းစာများကြောင့် အနာဂတ်မှာ ဒီမိုကရေစီကျင့်စဉ်ကို တန်ဖိုးရှိရှိ၊ စည်းကမ်းရှိရှိ ကျင့်သုံးနိုင်အောင် ပဓာနကျတဲ့ အခြေအနေသုံးရပ်ကို ပြည့်စုံအောင် အားထုတ်ကြရမှာဖြစ်တယ်။

အဲဒါတွေကတော့ နိုင်ငံတော်အေးချမ်းတည်ငြိမ်အောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ စီးပွားရေး ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရေးနဲ့ အမျိုးသားပညာရည်မြင့်မားအောင် ဆောင်ရွက်ရေးတို့ပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) အခမ်းအနားတွင် မြွက်ကြားခဲ့သည့်မိန့်ခွန်းမှ-

တပ်မတော်သည် နိုင်ငံသားများ၏ဆန္ဒနှင့်အညီ ခေတ်ပြောင်း၊ စနစ်ပြောင်းတာဝန်ကို ထမ်းဆောင်နေ
လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် မွန်မြတ်သော သူနာပြုများဖြစ်အောင် ကြိုးပမ်း
ရောက်ရာဒေသ၌ ပြည်သူ့ကျန်းမာရေးကို ကူညီစောင့်ရှောက်ခြင်းဖြင့် အလုပ်အကျွေးပြု

နေပြည်တော် ဇန်နဝါရီ ၂

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့-

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ် (၄)ရဲ့သင်တန်းဆင်းပွဲအခမ်းအနားမှာ မှာကြားစရာရှိတာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

မိန့်ခွန်း ပြောကြား

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

ကိုလိုနီလက်သစ်နှင့် အဖျက်သမားများအန္တရာယ် မျက်ခြည်မပြတ် သတိပြုတိုက်ဖျက်ကာကွယ်

မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် နှစ်ပေါင်းထောင်ချီ၍ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ခမ်းနားထည်ဝါစွာ ရပ်တည်ခဲ့သည်။

ကိုလိုနီနယ်ချဲ့တို့ ကျူးကျော်စော်ကားမှုကြောင့် အတိတ်တစ်ချိန်က မြန်မာ့အချုပ်အခြာအာဏာ ဆိတ်သုဉ်းပျောက်ကွယ်ခဲ့ရဖူးသည်။

သူ့ကျွန်မခံလိုသည့် ပြည်သူတစ်ရပ်လုံးနှင့် ရဲရဲတောက် အာဇာနည်ပုဂ္ဂိုလ်တို့၏ စည်းလုံးညီညွတ်မှု၊ မျိုးချစ်စိတ် ထက်သန်မှုတို့ကြောင့် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်၊ သွေး၊ ချွေး ရင်းနှီးပေးဆပ်လျက် ရယူခဲ့ရသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးသက်တမ်းသည် ယခုအခါ (၅၉)နှစ် ပြည့်မြောက်တော့မည်ဖြစ်ပေသည်။

မြန်မာ့အတိတ်သမိုင်းကာလ ဖြစ်ရပ်သင်ခန်းစာများကို အခြေခံကာ ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ပန်ဆင်ပြီး ရရှိပြီးသော လွတ်လပ်ရေးကို အသက်ပေးကာကွယ်စောင့်ရှောက်သွားကြရမည့် တာဝန်မှာ နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ပင် ဖြစ်သည်။

ယနေ့မျက်မှောက်ကာလတွင် ကိုလိုနီလက်သစ်များနှင့် အဖျက်သမားပေါင်းစုံတို့သည် အခါအခွင့်သင့်လျှင် သင့်သလို နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါ အန္တရာယ်ရန်စွယ်အမျိုးမျိုးကို မလပ်သောသတိဖြင့် တားဆီးတိုက်ဖျက်သွားကြရမည်ဖြစ်သည်။

လွတ်လပ်ရေးအစွန့်ရှည် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရာတွင် ကိုလိုနီလက်သစ်တို့၏ ပရိယာယ်ကို သိမြင်ထားရန် လိုသကဲ့သို့ အဖျက်အမှောင့်သမားများ၏ ရန်စွယ်ကိုကြိုတင် တားဆီးကာကွယ်ကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်နှင့်လက်တွဲ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန်အတွက် ကိုလိုနီလက်သစ်နှင့် အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို မျက်ခြည်မပြတ် သတိပြု တိုက်ဖျက်ကာကွယ်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နျူကလီးယားလက်နက် အပြိုင်တပ်ဆင်မှု တရုတ် ပါဝင်မည်မဟုတ်

ပေကျင်း ဇန်နဝါရီ ၂

တရုတ်နိုင်ငံက အမျိုးသားအချုပ်အခြာအာဏာပိုင်မှုကို ထိန်းသိမ်းရေးအတွက် စိတ်ချရသော နျူကလီးယားကာကွယ်ရေးအင်အားကို ရယူထားမည်ဖြစ်ကြောင်း၊ သို့သော် မည်သည့်နိုင်ငံနှင့်မဆို နျူကလီးယား လက်နက်အပြိုင်တပ်ဆင်မည် မဟုတ်ကြောင်း ဒီဇင်ဘာ ၂၉ ရက်က ကြေညာသည်။

အဓိက ရည်ရွယ်ချက်မှာ အခြား နိုင်ငံများက တရုတ်နိုင်ငံကိုနျူကလီးယား လက်နက်အသုံးပြု တိုက်ခိုက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုနိုင်အောင် တားဆီးထားရေးပင်ဖြစ်ကြောင်း ပေကျင်း၌ ထုတ်ပြန်သည့် အမျိုးသားကာကွယ်ရေးဆိုင်ရာ စက္ကူဖြူ စာတမ်းတွင် ဖော်ပြထားသည်။

ဖော်ပြ

တရုတ်နိုင်ငံသည် အခြားသော မည်သည့်နိုင်ငံနှင့်မဆို နျူကလီးယားလက်နက်အပြိုင် တပ်ဆင်ရေးကို မည်သည့် အခါကမျှလည်း မပြုလုပ်ခဲ့ကြောင်း၊ နောင်တွင်လည်း မည်သည့်အခါမျှ ပြုလုပ်မည် မဟုတ်ကြောင်း ဖော်ပြသည်။

တရုတ်နိုင်ငံ၏ နျူကလီးယားမဟာဗျူဟာမှာ နိုင်ငံတော် နျူကလီးယား မူဝါဒနှင့် စစ်ဘက်မဟာဗျူဟာ၏ လက်အောက်ခံဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

အမ်အင်အေ၊ ပီတီအိုင်

ဗီယက်နမ်၏ကော်ဖီပြည်ပတင်ပို့မှု မြင့်တက်

ဟန္နိုင်း ဇန်နဝါရီ ၂

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် ပြည်ပသို့ ကော်ဖီတင်ပို့မှု တန်ချိန် ၈၉၇၀၀၀ ရှိခဲ့ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ဒသမ ၁ ဘီလီယံကျော် ရရှိခဲ့ကြောင်း နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၀ဒသမ၅ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ် ကုန်သွယ်ရေးသတင်းဌာနက ဒီဇင်ဘာ ၃၁ ရက်၌ သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့် ခုနစ်နှစ်ကျော်ကာလကတည်းကပင် ဗီယက်နမ်ကော်ဖီ တင်ပို့မှု ဈေးနှုန်းကောင်းမွန်ခဲ့ရာ ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၀၀ ရရှိခဲ့သည်ဟု ၎င်းသတင်းဌာနက ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

တင်ပို့

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီပြည်ပသို့ တင်ပို့သော အဓိကဈေးကွက်နိုင်ငံများမှာ ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့ဖြစ်သည်။

ဆောင်ရွက်

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ကော်ဖီပိုမို တင်ပို့နိုင်ခြင်းမှာ ပြည်တွင်းမှ ကော်ဖီစိုက်တောင်သူများနှင့် ကော်ဖီလုပ်ငန်းရှင်များ လက်တွဲဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ပြီး နည်းပညာနှင့် ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်၍လည်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၃–၁–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ လှုပ်လှုပ်ရှားရှား ပုံရိပ်များ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ထွန်းတောက်လာမည့်ကြယ်တစ်ပွင့်"** (အပိုင်း–၉)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း–၁၉)

နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ် ဂျော်ဂျီယာနှင့်တူရကီတို့ လက်မှတ်ရေးထိုးမည်

မော်စကို ဇန်နဝါရီ ၂

ဂျော်ဂျီယာနှင့် တူရကီနှစ်နိုင်ငံတို့သည် လာမည့်မတ်လမှ စတင်ကာ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှု တစ်ရပ်ကို သဘောတူစာချုပ် ချုပ်ဆိုနိုင်မည် ဖြစ်ကြောင်း ဂျော်ဂျီယာသမ္မတ မီးခေးလ်ဆာကက်ဗီလီက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်ဟု အီတာတက်စ်သတင်းဌာနက ဖော်ပြသည်။

ပြောကြား

နှစ်နိုင်ငံအကြား လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်လျှင် ကုန်သွယ်မှုတိုးတက်လာမည်ဖြစ်ကြောင်း နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ၌ ဂျော်ဂျီယာသမ္မတ မီခေးလ်ဆာကက်ဗီလီက ပြောကြားသည်။

ခွင့်ပြု

ဂျော်ဂျီယာနိုင်ငံ ပါလီမန်ကလည်း လွန်ခဲ့သည့် နှစ်နှစ်မှစတင်ကာ ဥရောပသမဂ္ဂ(အီးယူ)၊ တူရကီနှင့် ယူကရိန်းနိုင်ငံတို့နှင့် မဟာဗျူဟာကျကျ စီးပွားရေး မိတ်ဖက်နိုင်ငံများအဖြစ် ဆက်ဆံရေးကို ခွင့်ပြုပေးခဲ့သည်။

၁၉၉၀ ပြည့်နှစ်မှ စတင်ကာ ရုရှားနိုင်ငံပြီးလျှင် တူရကီနိုင်ငံသည် ဂျော်ဂျီယာနိုင်ငံ၏ ဒုတိယမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်လာသည်။

ဂျော်ဂျီယာနိုင်ငံသည် ပြီးခဲ့သည့်လများအတွင်း ရုရှားနှင့်ကုန်သွယ်မှုမှာ အနည်းငယ်လျော့နည်းလာခဲ့သော်လည်း တူရကီနှင့် ကုန်သွယ်မှုမှာမူ တိုးမြင့်လျက်ရှိသဖြင့် တူရကီနိုင်ငံသည် ဂျော်ဂျီယာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာနိုင်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း) တွင် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ညနေ ၃ နာရီခွဲက ကစားဖော်များဖြစ်သော ဦးမြင့်သောင်း၊ ဦးရင်ထွေး၊ ဦးအောင်သွင်ကျော်တို့နှင့် အတူ ဂေါက်သီးရိုက်ကစားရာ ဦးဝေယံအောင်သည် ကျင်းအမှတ်(၁၁)ကို(၁၆၂)ကိုက်အကွာမှ Srixon ဘောလုံးအား Iron (9)(Tourstage)တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပေးအပ်လှူဒါန်း

နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ ဘွားအေးမေ(ရာကျော်)အား အမှူးထားပြီး ဘွားသန်းသန်း (၁)၊ ဘွားလီလီ၊ ဘွားညွန့်မေ တို့က သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၁၁၁၁၁ ကျပ်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဒီဇင်ဘာ ၂၉ ရက်ကကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ယမန်နေ့ကအဆက်)

သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ရှေ့နေချုပ်ရုံးမှ ဦးသန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ "အထွေထွေပြဋ္ဌာန်းချက်များအခန်း"နဲ့ စပ်လျဉ်းတဲ့ အကြံပြုချက်ကို ဆက်လက်ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ဟာ သက်ဆိုင်ရာ နိုင်ငံအနေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့ သမိုင်းကြောင်းကို ရောင်ပြန်ဟပ်လျက်ရှိပြီး နိုင်ငံတော်ဖွဲ့စည်းတည်ရှိမှုကို သရုပ်ဖော်တဲ့ ပင်မဥပဒေဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ နိုင်ငံတော် အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေး အာဏာများကို မည်သို့မည်ပုံ ခွဲဝေကျင့်သုံးမယ်ဆိုတာကို လည်းကောင်း၊ နိုင်ငံတော်က ကျင့်သုံးမယ့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် စသည်တို့ကို လည်းကောင်း ဖော်ပြပါရှိတဲ့ နိုင်ငံအတွင်းရှိ အခြားဥပဒေအားလုံးရဲ့ ကျောရိုးမဏ္ဍိုင် ဥပဒေဖြစ်တဲ့အတွက် အခြားဥပဒေအားလုံးဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်ကြောင်း ပြဋ္ဌာန်းထားကြတာကို အလားတူ တွေ့ခဲ့ရတဲ့အတွက် အထွေထွေပြဋ္ဌာန်းချက်များအခန်းတွင်ပါဝင်သည့် ပထမအချက်ဖြစ်သော–

"၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။"

လို့ ဆိုတဲ့အချက်ကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာပါဝင်မယ့် နိုင်ငံတော်အခြေခံမူများကို ၁၉၉၃ခုနှစ် စက်တင်ဘာလ၁၆ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာသာမက ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါ မြန်မာစာကိုရုံးသုံးစာအဖြစ် ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ လက်တွေ့မှာလည်း မြန်မာစာကို နိုင်ငံတော်အတွင်း နေရာဒေသ အနှံ့အပြားမှာ သုံးစွဲလျက်ရှိကြပါတယ်။ နောင်တွင်လည်း ပြည်သူများနဲ့ အစိုးရအဖွဲ့အစည်းများ ဆက်သွယ်ရာမှာ လည်းကောင်း၊ အစိုးရအဖွဲ့အစည်းအချင်းချင်း ဆက်သွယ်ရာမှာလည်းကောင်း တညီတညွတ်တည်း ဖြစ်စေရန်နဲ့ အယူအဆမကွဲပြားစေဘဲ ရှင်းလင်းလွယ်ကူစေရန် မြန်မာစာကို ရုံးသုံးစာအဖြစ် သတ်မှတ်သင့်တဲ့အတွက်–

"၂။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။"

ဆိုတဲ့အချက်ကို အထွေထွေပြဋ္ဌာန်းချက်များဆိုင်ရာအခန်းမှာ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော် အခြေခံမူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လည်းကောင်း၊ အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုရာမှာ လမ်းညွှန်များဖြစ်ကြောင်း မြန်မာနိုင်ငံရဲ့ ၁၉၇၄ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာ ထည့်သွင်းပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်–

"၃။ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များ ဖြစ်သည်"

ဆိုတဲ့အချက်ကိုလည်း အထွေထွေ ပြဋ္ဌာန်းချက်များဆိုင်ရာအခန်းမှာ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းတဲ့အခါမှာ မြန်မာစာဖြင့် ပြုစုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းကြမှာ ဖြစ်ပါတယ်။ အဲဒီလို အတည်ပြုပြဋ္ဌာန်းပြီးနောက် မြန်မာစာမူအပြင် အင်္ဂလိပ်ဘာသာနဲ့ ဖြစ်စေ၊ လိုအပ်လျှင် အခြားဘာသာများနဲ့ဖြစ်စေ ဘာသာပြန်ဆိုတဲ့ စာမူများလည်း ရှိနိုင်ပါတယ်။ အဲဒီလို အခြားဘာသာပြန်စာမူများ မည်သို့ပင်ရှိစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မြန်မာစာဖြင့် ရေးသားထားတဲ့ စာမူကိုသာ အတည်ပြုပြဋ္ဌာန်းမှာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုဖို့ အကြောင်းပေါ်ပေါက်လာရင်လည်း မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမှာဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ၁၉၇၄ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေမှာလည်း အလားတူ ပြဋ္ဌာန်းချက်များပါရှိတာကို လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် –

"၄။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်"

ဆိုတဲ့အချက်ကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက် အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ ပါရှိတဲ့စကားရပ်တစ်ခုဟာ မည်သည့်အနက်အဓိပ္ပာယ်ကိုဆောင်ကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ အခြေအနေမျိုး ပေါ်ပေါက်ကောင်း ပေါ်ပေါက်နိုင်ပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၂၂၊ ပုဒ်မခွဲ(၃)တွင်–

"ဆန့်ကျင်သောရည်ရွယ်ချက် မပေါ်ပေါက်လျှင်၊ မြန်မာနိုင်ငံတော် ယေဘုယျစကားရပ်အက်ဥပဒေရှိ ပြဋ္ဌာန်းချက်များသည် ဤအခြေခံဥပဒေကို အဓိပ္ပာယ်ကောက်ယူခြင်း၊ ဤအခြေခံဥပဒေ အာဏာသက်ရောက်ခြင်းတို့နှင့် သက်ဆိုင်ရမည်"

လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀၊ ပုဒ်မခွဲ (က)မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်–

ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေကို ကိုးကားရမည်၊

"ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက ပြဋ္ဌာန်းထားခဲ့သော စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေကို ကိုးကားရမည်"

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနဲ့စပ်လျဉ်းပြီး–

"၅။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါစကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက် အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေကို ကိုးကားရမည်။"

လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

အမျိုးသားမှတ်တမ်းများနဲ့ မော်ကွန်းများကို တစ်စုတစ်စည်းတည်း လုံခြုံစွာ မပျက်မစီး ထိန်းသိမ်းထားနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိတဲ့ နည်းတူ နောင်တွင်လည်း ပြည်သူ့ဆန္ဒနဲ့အတည်ပြုပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မြန်မာစာမူတစ်ခုကိုလည်း အမျိုးသားမော်ကွန်းတိုက်မှာ မော်ကွန်းတင်ထားရှိသင့်ပါတယ်။

ဒါကြောင့်–

"၆။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်။ ထိုစာမူသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာတည်စေရမည်"

ဖတ်ကြား တင်ပြ

အမျိုးသားညီလာခံကိုယ်စားလှယ် ရှေ့နေချုပ်ရုံးမှ ဦးသန်းထွန်း နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူတွေကို ချမှတ်စဉ်က စီးပွားရေးနဲ့ စပ်လျဉ်းပြီး–

"နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေး အတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်"

လို့ အခြေခံရမယ့်မူ ချမှတ်ခဲ့ပါတယ်။ အခုဆိုရင် နိုင်ငံတော်အစိုးရနဲ့ အကျိုးတူဖက်စပ်ဖြစ်စေ၊ နိုင်ငံတော်က သတ်မှတ်ပေးတဲ့ စည်းကမ်းများနဲ့အညီဖြစ်စေ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များနဲ့ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ စီးပွားရေးလုပ်ငန်း အများအပြားရှိနေပြီ ဖြစ်ပါတယ်။ နောင်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် အတည်ပြုပြဋ္ဌာန်းပြီးတဲ့အခါမှာလည်း ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ရမယ့် စီးပွားရေးလုပ်ငန်းကိစ္စများ ရှိမှာဖြစ်သလို တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွဲဝေဆောင်ရွက်စေသင့်တဲ့ စီးပွားရေးလုပ်ငန်းများလည်း ရှိလာမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားတဲ့ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော် အကျိုးစီးပွားအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးအပ်သင့်တဲ့ အခြေအနေများလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါ့အပြင် သမဝါယမအဖွဲ့အစည်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို အခြေအနေပေးရင်ပေးသလို လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးအပ်ဖို့ အခြေအနေမျိုးများလည်း ပေါ်ပေါက်လာနိုင်ပါတယ်။

ဒါကြောင့်–

"၇။ ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ–

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကို ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။

(ခ) သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်"

လို့ အသေးစိတ်အခြေခံရမယ့် မူချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များ ရှိပါတယ်။ ထို့အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာလည်း အာဆီယံနိုင်ငံများအပါအဝင် အခြားနိုင်ငံအစိုးရများနဲ့ စာချုပ်များ၊ သဘောတူညီချက်များ ချုပ်ဆိုဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို နိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များမှ ပေါ်ထွက်လာတဲ့ တရားမျှတသည့်တာဝန်များကို အခြားနိုင်ငံက ပြည်ထောင်စုမြန်မာနိုင်ငံနဲ့စပ်လျဉ်းပြီး ထားရှိအပ်တဲ့ ပဋိညာဉ်များကို လေးစားပါက နောင်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဖြစ်ပေါ်လာမယ့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေနဲ့လည်း လေးစားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ အခြားနိုင်ငံ အချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ အလားတူပြဋ္ဌာန်းချက်များ ပါရှိတာကို လေ့လာတွေ့ရှိရပါတယ်။

စာမျက်နှာ ၄ ကော်လံ ၁ သို့

ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင် ထားရှိရမည်

စာမျက်နှာ ၃ မှ

ဒါကြောင့်–

"၈။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာမတည်မီကာလက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့သော စာချုပ်များအရသော်လည်းကောင်း၊ သဘောတူညီချက်များအရသော်လည်းကောင်း ပေါ်ထွက်လာသော တရားမျှတသည့်တာဝန်များကို အဆိုပါ အခြားနိုင်ငံကလည်း ပြည်ထောင်စုမြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ထားရှိအပ်သော ပဋိညာဉ်များကို လေးစားပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကလည်း လေးစားသည်"

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တင်ပြဆွေးနွေးရမယ်ဆိုရင်–

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းပြီးနောက်ဖြစ်ပေါ်လာမယ့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေနဲ့လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့အမည်နဲ့ တရားစွဲဆိုနိုင်တဲ့ အခွင့်အရေးရရှိစေသင့်ပြီး တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း အလားတူပြဋ္ဌာန်းချက်များ ပါရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်–

"၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ချုပ်ဆိုထားရှိခဲ့သော ပဋိညာဉ်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ တာဝန်များနှင့် စပ်လျဉ်း၍ဖြစ်စေ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား တရားစွဲဆိုနိုင်သော အခွင့်အရေးအရ တရားစွဲဆိုရန် ပေါ်ပေါက်ခဲ့လျှင် ပြည်ထောင်စု အစိုးရအား တရားစွဲဆိုနိုင်သည်။

(ခ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏အမည်ဖြင့် တရားစွဲဆိုနိုင်သည်။ ထိုနည်းတူပင် တရားစွဲဆိုခြင်းကို ခံနိုင်သည်"

ဆိုတဲ့အချက်ကိုလည်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေးနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ထားခဲ့ပြီးဖြစ်တဲ့ အခြေခံရမယ့်မူများမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးဖွဲ့စည်းဖို့နဲ့ ခုံရုံးကဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များလည်း ပါရှိပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေး၊ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးရေး၊ အဖွဲ့ဝင်များရှိသင့်တဲ့ အရည်အချင်းများနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန်သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်–

"၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းရမည်။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည် လွှတ်တော် ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်

ထိုစာမူသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာ တည်စေရမည်

ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူများအနက်မှ အဖွဲ့ဝင်(၃)ဦးစီကို ရွေးချယ်ရမည်–

(က) အသက်(၅၀)နှစ် ပြည့်ပြီးသူ၊

(ခ) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊

(ဂ) အသက်ကန့်သတ်ချက်မှအပ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊

(ဃ) နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးအမြင်ရှိသူ၊

(င) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

၁၁။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့်အဖွဲ့ဝင် (၃)ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့်အဖွဲ့ဝင်(၃)ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး၊ စုစုပေါင်း(၉)ဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်(၁)ဦး၏ အမည်ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်၊

၁၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက စုစည်းအမည်စာရင်း တင်သွင်းသည့် ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ၊

၁၃။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့် အဖွဲ့ဝင်နေရာအတွက် အမည်စာရင်းသစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်၊

၁၄။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်၊"

လို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဆက်လက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့ သက်တမ်းနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ သက်တမ်းကို ငါးနှစ်ဖြစ်ကြောင်း အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားခဲ့ပြီးဖြစ်တဲ့အတွက် အခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ သက်တမ်းကိုလည်း ပြည်ထောင်စုလွှတ်တော်ရဲ့ သက်တမ်းလိုပဲ ငါးနှစ် သတ်မှတ်ပေးသင့်ပါတယ်။ သို့သော်လည်း သက်တမ်းကုန်ဆုံးပြီးတဲ့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအသစ်ကို သမ္မတကဖွဲ့စည်းပြီးသည့်အချိန်အထိ ဆက်လက် တာဝန်ထမ်းဆောင်စေသင့်ကြောင်း တွေ့ရှိရပါတယ်။

ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသက်တမ်းနဲ့ စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြပါတယ်–

"၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ (၅)နှစ်ဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအသစ် ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက်တာဝန်ထမ်းဆောင်ရမည်။"

လို့ဖြစ်ပါတယ်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အဖွဲ့ဝင်အဖြစ်တာဝန်ပေးခန့်ထားခြင်းနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်–

"၁၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်တစ်ဦးသည်–

(က) လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၁၈။ အကြောင်းတစ်ခုခုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ရာထူးနေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။"

လို့ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးသည် နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်း၊ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊ အကျင့်သီလ သမာဓိနှင့်ပြည့်စုံခြင်း စသည့်အရည်အချင်းများနှင့်လည်း ပြည့်စုံဖို့လိုအပ်ပါတယ်။ အဲဒီအရည်အချင်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ခုံရုံးအဖွဲ့ဝင်ရဲ့ အရည်အချင်း ပျက်ယွင်းလျှင်ဖြစ်စေ၊ အဲဒီအဖွဲ့ဝင်ကို စွပ်စွဲပြစ်တင်ခွင့်ရှိသင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး–

"၁၉။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်–

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာ ပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်း ပျက်ယွင်းခြင်း၊

(၅) ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်"

လို့ဆိုတဲ့ အချက်များကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတဲ့အခါ အခြေခံရမယ့်မူများ ချမှတ်ထားရာမှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များကို ချမှတ်ပေးထားပြီးဖြစ်ကြောင်း တွေ့ရပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များနဲ့ စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်–

"၂၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ် လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့က ပြဋ္ဌာန်းသည့် ဥပဒေများသည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ–မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ဆောင်ရွက်ချက်များသည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ–မရှိ စိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့်တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု အကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့၏ အခွင့်အရေးနှင့် တာဝန်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော် သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန်များ"

လို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

တရားရုံးများသည် ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများကို တည်ဆဲဥပဒေများနဲ့အညီ စစ်ဆေးစီရင်ကြရပါတယ်။ တရားရုံးတစ်ရုံးက အမှုကို စစ်ဆေးစီရင်ရာမှာ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်မှု၊ ညီညွတ်မှု ရှိ–မရှိ အငြင်းပွားမှု ပေါ်ပေါက်ခြင်းနဲ့ စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်–

"၂၁။ တရားရုံးတစ်ရုံးသည် အမှုတစ်မှုကို စစ်ဆေးစီရင်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှု ရှိ–မရှိ၊ ညီညွတ်မှု ရှိ–မရှိ အငြင်းပွားမှု ပေါ်ပေါက်ပါက ထိုအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကလည်း တစ်စုံတစ်ရာဆုံးဖြတ်ချက် ချမှတ်ထားခြင်းမရှိသေးလျှင် အဆိုပါတရားရုံးသည် အမှုစစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်းထားပြီး မိမိ၏ ထင်မြင်ချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ ယင်းအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်"

လို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုပေးရန် လုပ်ငန်းတာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရေးနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ပေးရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်–

"၂၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့တိုက်ရိုက်တင်သွင်းခွင့်ရှိသည်–

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံတော်အစိုးရရဲ့ ဗဟိုရုံးများသည် နေပြည်တော်တွင်ရုံးစိုက်လျက် နိုင်ငံတော်ရဲ့ လုပ်ငန်းတာဝန်အဝဝကို ဆောင်ရွက်လျက်ရှိ နိုင်ငံတော်အစိုးရ ဗဟိုရုံးများရုံးစိုက်ထားရာ နေပြည်တော်ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်သင့်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဒီဇင်ဘာ ၂၉ ရက်ကကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

လေးစားအပ်တဲ့ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အားလုံး စိတ္တသုခ၊ ယာကသုခ၊ နှစ်ဖြာသော သုခအဝဝ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ KNPP (ဟိုယာ)အဖွဲ့မှ အမျိုးသား ညီလာခံ ကိုယ်စားလှယ် ဦးလွီဇီးကျော်ကျော် ဖြစ်ပါတယ်။

ကျွန်တော့်အနေနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ ကိုယ်စားလှယ် ၈၉ဦးတို့ရဲ့ကိုယ်စား အကြံပြုချက်စာတမ်းကို ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

ယနေ့အချိန်အခါမှာဆိုလျှင် အမျိုးသားညီလာခံက ချမှတ်ခဲ့တဲ့ ခေါင်းစဉ် ၁၅ခုအနက်၊ အမျိုးသားညီလာခံ အစုအဖွဲ့အသီးသီးက အကြံပြုခြင်း၊ ညှိနှိုင်းခြင်း၊ ပေါင်းစပ်ခြင်းတို့ရဲ့ အကျိုးရလဒ်တစ်ခုအနေနှင့် အခန်းအလိုက် ခေါင်းစဉ်၈ခုကို အတည်ပြုနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အလားတူ အခန်းအလိုက် ခေါင်းစဉ် ၃ခုတို့ရဲ့ အကြံပြုချက်စာတမ်းများကိုလည်း ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၂၇ရက်နေ့မှ ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၇ရက်နေ့အထိ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးမှာ တင်ပြနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

နောက်ဆုံးကျန်ရှိနေတဲ့ အခန်းခေါင်းစဉ် ၄ခုကိုတော့ ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၂၁ရက်မှနေပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးမှ အကြံပြုချက်များကို ဖတ်ကြားခဲ့ကြပြီး ဖြစ်ပါတယ်။

ယနေ့မှာတော့ အမျိုးသားညီလာခံ အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ရဲ့ အကြံပြုချက်စာတမ်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒီလို အကြံပြုနိုင်ဖို့ ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၂၃ရက်နေ့မှာ ကျင်းပခဲ့တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ အစည်းအဝေးမှာ ကိုယ်စားလှယ် ၂၅ဦးပါဝင်တဲ့ စာတမ်းပြုစုရေးအဖွဲ့ကို တာဝန်ပေးအပ်ခဲ့ပါတယ်။

အဲဒီတာဝန်ပေးအပ်မှုနှင့်အညီ စာတမ်းပြုစုရေးအဖွဲ့က ဆွေးနွေးပွဲ (၄)ကြိမ် ကျင်းပခဲ့ပြီး၊ သင့်လျော်ကောင်းမွန်ပြီး အဆင့်အတန်းရှိတဲ့ အကြံပြုချက်များ ပါရှိသော စာတမ်းတစ်စောင် ရရှိဖို့အတွက် စုစည်းဆောင်ရွက်ခဲ့ကြပါတယ်။

ကျွန်တော်တို့ အစုအဖွဲ့မှာ ပါဝင်တဲ့ တိုင်းရင်းသားအထူးဒေသ အသီးသီးမှ အဖွဲ့ ၂၄ဖွဲ့စလုံးဟာလည်း တပ်မတော်နဲ့ သမိုင်းဝင်လက်တွဲမှုရဲ့ အောင်မြင်မှု သော့ချက်ကို အဆုံးစွန်ထိ ဖွင့်လှစ်နိုင်ခဲ့ပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ရှေ့ဆက်ရမည့် နိုင်ငံတော်ရဲ့ခရီးဟာ ဖြောင့်ဖြူးသာယာပြီး၊ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ အတူတကွပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့် သိုင်းခြုံလျက် ရှိနေပြီဖြစ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။

ဒီလိုစုစည်းဆောင်ရွက်မှုများအပေါ် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ တစ်ဦးချင်းဖိတ်ကြားခံရတဲ့ ကိုယ်စားလှယ် ၁၅ဦးစလုံးဟာလည်း ထိရောက်တဲ့ အားပေးကူညီမှု ပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့လို့ ဝမ်းမြောက်မဆုံး ရှိနေကြောင်းတို့ကိုလည်း တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၀ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ အခန်းတစ်ခန်း အဖြစ်ပါဝင်မယ့် **"ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း"**နဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက်မှာ အခြေအနေအချိန်အခါအရ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ လိုအပ်ကောင်း လိုအပ်လာမှာ ဖြစ်ပါတယ်။ အဲဒီလို ပြင်ဆင်ဖို့လိုအပ်ရင်၊ ပြင်ဆင်နိုင်ဖို့ နိုင်ငံတကာဥပဒေများနဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့် မူများကို ချမှတ်သွားရမှာ ဖြစ်ပါတယ်။

ဖတ်ကြား

အမျိုးသားညီလာခံ ကိုယ်စားလှယ် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP)(ဟိုယာ)မှ ဦးလွီဇီးကျော်ကျော် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြား တင်ပြစဉ်။

(သတင်းစဉ်)

ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ဖို့လိုအပ်လာလျှင် သို့မဟုတ် အကြောင်းပေါ်ပေါက်လာလျှင် ပြင်ဆင်ဖို့နည်းလမ်း သတ်မှတ်ရာမှာ ဥပဒေကြမ်းအဖြစ် တင်သွင်းစေသင့်ပြီး ယင်းဥပဒေကြမ်းမှာ အခြားအဆိုပြုချက်များ မပါရှိဘဲ၊ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များကိုသာ ထည့်သွင်းဖော်ပြသင့်ပါတယ်။ ဒါကြောင့်–

"ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက အောက်ဖော်ပြပါသတ်မှတ်ထားသော နည်းလမ်းအတိုင်းဆောင်ရွက်ရမည်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တင်သွင်းသော အဆိုပြုချက်ကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများမပါရှိစေရ"

ဟူ၍ အသေးစိတ် အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုလျှင်၊ ဥပဒေမူကြမ်းအဖြစ်တင်သွင်းရမှာဖြစ်ပြီး အဲဒီဥပဒေမူကြမ်းကို မည်သည့်လွှတ်တော်မှာ စတင်တင်သွင်းရမယ်ဆိုတာကို သတ်မှတ်ထားဖို့လိုအပ်ပါတယ်။

နောင်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ရှိမှာဖြစ်ပါတယ်။ ယင်းလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်လို့ခေါ်ပြီး အဲဒီပြည်ထောင်စုလွှတ်တော်ကသာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းသွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်–

"ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်"

ဟူ၍ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြင်ဆင်ချက်ဥပဒေမူကြမ်းကို လွှတ်တော်တစ်ရပ်ရပ်မှာ စတင်တင်သွင်းနိုင်ပြီး စတင်တင်သွင်းတဲ့ လွှတ်တော်က အတည်ပြုပြီးမှ လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေးမှာ စဉ်းစားဆွေးနွေးရမယ်လို့ သတ်မှတ်ထားပါတယ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူတွင် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ပြီး အဲဒီလို မတင်သွင်းမီ ပြည်ထောင်စုလွှတ်တော်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံးအနက် စုစုပေါင်းရဲ့ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြမှသာ ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးဖို့လည်း သတ်မှတ်ထားသင့်ပါတယ်။

ဒါ့ကြောင့်–

"ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါ ပြင်ဆင်ချက်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်"

လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–

နိုင်ငံအသီးသီးမှာ ရှိနေကြတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ဘယ်လောက်ပဲ ကောင်းကောင်း၊ ဘယ်လောက်ပဲ ပြည့်စုံတယ်ဆိုပေမယ့် အခြေအနေ အချိန်ကာလနဲ့ အနေအထားတွေက ပြောင်းလဲလာခဲ့ရင် ပြင်ဆင်မှုများပြုကြရလေ့ရှိပါတယ်။ ဒီလိုပြင်ဆင်မှုများ ပြုနိုင်အောင် အစီအစဉ်များကိုလည်း ကြိုတင်ပြုလုပ်ထားရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ လိုအပ်သည်များကို ထည့်သွင်းပြဋ္ဌာန်းထားရပါတယ်။ ဒီနေရာမှာ အာဏာပိုင်တို့အနေနဲ့ စိတ်ရှိတိုင်း ပြင်ဆင်ခြင်း၊ မလိုအပ်သည်များကို ပြင်ဆင်ခြင်း စသည်တို့ကို ဟန့်တားနိုင်ခြင်းငှာ ဘယ်လိုပုဒ်မ၊ ဘယ်လိုပုဒ်မခွဲတွေကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဘယ်လောက်ရာခိုင်နှုန်း သဘောတူဆန္ဒမဲနဲ့မှ ပြင်ဆင်နိုင်မယ်လို့ သတ်မှတ် ဖော်ပြထားတာဟာ အထူးပင်သင့်လျော်လှပါတယ်။ သို့ပါ၍–

"(က) ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စု

စာမျက်နှာ ၆ ကော်လံ ၁ သို့

တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

စာမျက်နှာ ၄ မှ

(က) နိုင်ငံတော်သမ္မတ

(ခ) ပြည်ထောင်စုလွှတ်တော်နာယက

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

(ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ

(င) ပြည်ထောင်စုတရားသူကြီးချုပ်

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ

၂၄။ အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်သွင်းခွင့်ရှိသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ဥက္ကဋ္ဌ

(ဃ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အားလုံး၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်း အရေအတွက်ရှိသော ကိုယ်စားလှယ်များ"

လို့ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းမှု၊ အခြားအဖွဲ့အစည်းများနဲ့ ဆက်သွယ်မှုများ ခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များအတွက် လိုအပ်တဲ့ဥပဒေကို ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအတွက် လိုအပ်သော ဥပဒေပြဋ္ဌာန်းပေးရာတွင် ခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ အဆင့်သတ်မှတ်ရေးတို့နဲ့ စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန် သင့်မြတ်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်–

"၂၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ စသည်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၂၆။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။ ခုံရုံးအဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်"

လို့ ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နဲ့ ၁၃ ရက်နေ့များက ကျင်းပပြုလုပ်ခဲ့တဲ့အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းတင်ပြသွားတဲ့"အထွေထွေပြဋ္ဌာန်းချက်များအခန်း"မှာပါရှိတဲ့ အချက်အလက်များဟာ ဓမ္မဓိဋ္ဌာန်ကျကျ ဆီလျော် ကောင်းမွန်ပြီး ကျယ်ကျယ်ပြန့်ပြန့်ရှိတဲ့အတွက် ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အနေနဲ့ သီးခြားအကြံပြုရန်မရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားခဲ့တဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အထွေထွေပြဋ္ဌာန်းချက်များအခန်းမှာပါရှိတဲ့ စုစည်းတင်ပြချက်(၂၆)ချက်ကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနဲ့ ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အနေနဲ့ အစုအဖွဲ့အတွင်းမှာ ကျေကျေလည်လည် ညှိနှိုင်းတိုင်ပင်ပြီး နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် အကျိုးဖြစ်ထွန်းစေမယ့် အကြံပြုချက်အဖြစ် ပြုစုတင်ပြခြင်းဖြစ်ပါတယ်။ အစုအဖွဲ့ သဘာပတိအဖွဲ့ကလည်း အသေးစိတ်လေ့လာစိစစ်ပြီး အစုအဖွဲ့အစည်းအဝေးမှာတင်ပြကာ အမျိုးသားညီလာခံကိုယ်စားလှယ်များရဲ့ ဆန္ဒသဘောထားများကိုလည်း ရယူထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ စုပေါင်းတိုင်ပင် ဆွေးနွေးထားတဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ အကြံပြုချက်ကို တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်

စာမျက်နှာ ၅ မှ

လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူ လက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

(ခ) အပိုဒ်(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

(ဂ) အပိုဒ်(က)ပါ အခန်းများနှင့် သက်ဆိုင် အကျုံးဝင်မည့် ပုဒ်မများကို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲသည့်အခါ ထည့်သွင်းပြဋ္ဌာန်းရမည်”

ဟူ၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား–

၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာပါဝင်မည့် “နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း”တို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားခဲ့ပါတယ်။

အဲဒီလို ရှင်းလင်းတင်ပြရာမှာ “နိုင်ငံတော်အလံ”နှင့် စပ်လျဉ်းပြီး အသုံးပြုကြရာမှာ လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များနှင့် ဖောက်ဖျက်ကျူးလွန်ရင် ချမှတ်ရမယ့် ပြစ်ဒဏ်များကိုတော့ ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေပြဋ္ဌာန်းဆောင်ရွက်လေ့ရှိကြတာကို သိရှိရပါတယ်။

နိုင်ငံတော်အလံသတ်မှတ်ရာမှာလည်း သက်ဆိုင်ရာနိုင်ငံများအနေနဲ့ မိမိတို့နိုင်ငံများရဲ့ သမိုင်းကြောင်းကို အဓိကထား သတ်မှတ်လေ့ရှိကြတာကို လေ့လာသိရှိရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်စလုံးမှာ နိုင်ငံတော်အလံနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းထားပြီး ရဲရင့်တဲ့ အနီရောင်၊ သန့်ရှင်းစင်ကြယ်တဲ့ အဖြူရောင်နဲ့ ငြိမ်းချမ်းသာယာခြင်း အပြာရောင်များကို ကိုယ်စားပြုသုံးစွဲခဲ့ကြောင်း လေ့လာသိရှိရပါရတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိတဲ့အတွက် စိုက်ပျိုးရေးကို ကိုယ်စားပြုတဲ့ အစိမ်းရောင်၊ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ပြန်လည်စုစည်းခြင်းရဲ့ အဓိပ္ပာယ်ဖြစ်တဲ့ အဝါရောင်နှင့် ရဲရင့်ပြတ်သားခြင်း အဓိပ္ပာယ်ကိုဆောင်တဲ့ အနီရောင်များကို နိုင်ငံတော်အလံမှာ အလျားလိုက် အချိုးညီစွာ ဖော်ပြပြီး၊ ဒါ့အပြင် ထိပ်ဆုံးအစိမ်းရောင်ရဲ့ လက်ဝဲဘက်မှာ ပြည်ထောင်စုကို ကိုယ်စားပြုတဲ့ ကြယ်ဖြူပွင့်ကြီးကို အထက်သို့ မတ်မတ်ညွှန်လျက် ဖော်ပြသင့်ကြောင်း ရှင်းလင်းထားတာ တွေ့ရှိရပါတယ်။

အဲဒီ ရှင်းလင်းချက်မှာ ပါဝင်တဲ့ အစိမ်းရောင်၊ အဝါရောင်နဲ့၊ အနီရောင် သင်္ကေတများ အလျားလိုက်အချိုးညီစွာပါဝင်တဲ့ စိမ်း၊ ဝါ၊ နီ သုံးရောင်ခြယ် အလံဟာ ကျွန်တော်တို့ နိုင်ငံနှင့်မစိမ်းသလို မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းမှာ ပါဝင်ခဲ့တဲ့ အဖွဲ့အစည်းများနဲ့ တပ်မတော်များရဲ့အလံများမှာ အသုံးပြုခဲ့တာ တွေ့ရှိရပါတယ်။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီ၊ အိုင်၊ အေ)မှာ ၂၇-၁၂-၁၉၄၁ ခုနှစ်မှ ၂၆-၄-၁၉၄၂ ခုနှစ်အထိ အသုံးပြုခဲ့တဲ့အလံ ၄ ခုရှိခဲ့ရာမှာ တတိယနှင့် စတုတ္ထမြောက်အလံများဟာ သုံးရောင်ခြယ် အဝါ၊ အစိမ်းနဲ့ အနီရောင်များကို အလျားလိုက် အချိုးညီစွာဖော်ပြထားပြီး အလယ်တည့်တည့် စက်ဝိုင်းအတွင်းမှာ ကနေတဲ့ဒေါင်းရုပ်ကို ဖော်ပြထားတာတွေ့ရပါတယ်။

ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီ၊ ဒီ၊ အေ)ခေတ် ၂၇-၄-၁၉၄၂ ခုနှစ်မှ ၂၆-၃-၁၉၄၅ ခုနှစ်အတွင်း အသုံးပြုခဲ့တဲ့အလံ ၂ မျိုးအနက်၊ ဒုတိယတစ်မျိုးဟာလည်း အဝါရောင်၊ အစိမ်းရောင်နဲ့ အနီရောင်များကို အလျားလိုက် အချိုးညီဖော်ပြထားပြီး အလယ်တည့်တည့်စက်ဝိုင်းအတွင်းမှာ ကနေတဲ့ ဒေါင်းရုပ်ကို ဖော်ပြထားပါတယ်။ အဲဒီအလံကို ဖက်ဆစ်တော်လှန်ရေးစတင်တဲ့ ၂၇-၃-၁၉၄၅ ခုနှစ်အထိ အသုံးပြုခဲ့တာ တွေ့ရပါတယ်။

မျိုးချစ်ဗမာ့တပ်မတော်(ပီ၊ ဘီ၊ အက်ဖ်)ရဲ့ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက် ဖက်ဆစ်တော်လှန်ရေးတွင် အသုံးပြုခဲ့သော အလံကတော့ အနီရောင်ပေါ်မှာ ကြယ်ဖြူပွင့်တစ်ပွင့်ကို အလံတော်လက်ဝဲဘက်ထောင့်မှာ မတ်မတ်ထားရှိပြီး အသုံးပြုခဲ့တာတွေ့ရပါတယ်။

ဒါကြောင့် မြန်မာ့လွတ်လပ်ရေးမရရှိမီအချိန်အထိ အဲဒီအချိန်ကပြည်သူအများစုဟာ ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်အလံကို နှစ်ခြိုက်ခဲ့ကြပြီး သမိုင်းကြောင်းအရ နိုင်ငံတော်ရဲ့အထိမ်းအမှတ် အလံတစ်ခုအနေနဲ့ အလေးအမြတ်ထားခဲ့ကြတာကို လေ့လာသိရှိရပါတယ်။

လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား–

ယခုကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးဟာ နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးပြီး ခိုင်မာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး၊ အခြေခံရမည့်မူများချမှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိတာမို့ ခေတ်စနစ်နှင့်လျော်ညီစွာ ပေါ်ထွက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဟာ သုံးရောင်ခြယ်အလံသစ်နှင့် ဟန်ချက်ညီကိုက်ညီမှုရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်–

နိုင်ငံတော်အလံနှင့် စပ်လျဉ်းပြီး

၁။ နိုင်ငံတော်အလံကို အောက်ပါအတိုင်းသတ်မှတ်ရမည်–

“နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။”

၂။ နိုင်ငံတော်အလံနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်။

ဟူ၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား–

အမျိုးသားညီလာခံက နိုင်ငံတော်နှင့် စပ်လျဉ်းတဲ့ အခြေခံရမည့်မူများ ချမှတ်ရာမှာ “နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာတည်သည်”ဆိုတဲ့ အခြေခံမူနှင့် “နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်”ဆိုတဲ့ အခြေခံရမည့်မူများ ပါရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ မြေပုံကိုထည့်သွင်းထားရှိခြင်းဟာ ကောင်းမွန်သင့်လျော်ပါကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင် “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်”ဟု အမျိုးသားညီလာခံက အခြေခံမူချမှတ်ထားတာနှင့်အညီ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ရဲ့ အောက်ခြေပိုင်းမှာ “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်” ဆိုတဲ့ စာသားကိုလည်း ထည့်သွင်းသင့်ပါတယ်။

ဖတ်ကြားတင်ပြ

အမျိုးသားညီလာခံကိုယ်စားလှယ် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်မှ ဦးစောလှထွန်းက အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးအတွက် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို ပြည်သူ့အားနှင့်တော်လှန်ခဲ့စဉ်က အသုံးပြုခဲ့တဲ့ ကြယ်ဖြူတစ်ပွင့်ကိုလည်း နိုင်ငံတော်၏လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းအရ တော်လှန်ရေးအမှတ်အသားအဖြစ်၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်မှာ ပါရှိသင့်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံတော်တံဆိပ်များမှာ အစဉ်အလာအသုံးပြုခဲ့တဲ့ မြန်မာမှုလက်ရာကေသရာဇာခြင်္သေ့ပုံနဲ့ မြန်မာ့ရိုးရာကနုတ်ပန်းဖြင့် နိုင်ငံတော်တံဆိပ်ကို ခြယ်မှုန်းသင့်ပါတယ်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့ စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်များမပါရှိသော်လည်း အသုံးပြုခဲ့တဲ့တံဆိပ်ကို ပြန်လည်လေ့လာကြည့်ရာမှာ တံဆိပ်ရဲ့အောက်ခြေမှာ “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်”ဆိုတဲ့ စာသားကိုထည့်သွင်းထားပြီး မြန်မာ့လက်ရာ ကေသရာဇာခြင်္သေ့ပုံကို ဘယ်လှည့်နေတဲ့ပုံ၊ ညာလှည့်နေတဲ့ပုံနဲ့ အပေါ်ပိုင်းမှာ ရှေ့တည့်တည့်ကို မျက်နှာမူနေတဲ့ပုံ ၃ပုံနဲ့ ထည့်သွင်းဖော်ပြထားပါတယ်။

တံဆိပ်ရဲ့အလယ် တည့်တည့်မှာ နိုင်ငံတော်ရဲ့မြေပုံကို အိမ်နီးချင်းနိုင်ငံတချို့ရဲ့ မြေပုံများနှင့်တကွ ဖော်ပြထားပြီး နှစ်ထပ်ပါတဲ့စက်ဝိုင်းအတွင်းမှာ “သမဂ္ဂါနံ တပေါသုခေါ” ဆိုတဲ့ (စည်းလုံးညီညွတ်မှုသည် မွန်မြတ်သော သုခချမ်းသာခြင်း ဖြစ်သည်)ဟု အဓိပ္ပာယ်ရှိသော ပါဠိစကားလုံးကို ဖော်ပြထားပါတယ်။ အဲဒီစက်ဝိုင်းကိုလည်း ကနုတ်ပန်းများနဲ့ ရစ်နှောင်ထားတဲ့ပုံကို ဖော်ပြအသုံးပြုထားတာကိုတွေ့ရပါတယ်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာတော့ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ပုံစံကို ဖော်ပြထားပြီး “နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်”ဟာ ဖော်ပြပါပုံစံအတိုင်း ဖြစ်တယ်လို့ ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ အဲဒီ အထိမ်းအမှတ်တံဆိပ်ဟာ ယနေ့တိုင်သုံးစွဲနေဆဲဖြစ်ပြီး ကွာခြားတာကတော့ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နိုင်ငံတော်တံဆိပ်ရဲ့ အောက်ခြေမှာ “ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်”လို့ရေးထားပြီး ၁၉၈၈ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာတော့ “ပြည်ထောင်စုမြန်မာနိုင်ငံတော်”လို့ ရေးထားပါတယ်။

အနာဂတ်နိုင်ငံတော် အထိမ်းအမှတ်အဖြစ် အသုံးပြုမည့် တံဆိပ်ပုံမှာ လေးနက်ကျယ်ဝန်းသည့် အဓိပ္ပာယ်၊ ရှုချင်းစဖွယ်ဖြစ်သည့် အမှတ်အသားအဖြစ် ခံ့ခံ့ညားညားတည်ရှိစေဖို့ နိုင်ငံတော်တံဆိပ်ရဲ့ အလယ်တည့်တည့်မှာ နိုင်ငံတော်မြေပုံကို ထားရှိသင့်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို ဖော်ပြပြီး **“နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်သည် အောက်ဖော်ပြပါ အတိုင်းဖြစ်သည်”** ဟူ၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိနိုင်ငံတော်သီချင်းကို အသုံးပြုခဲ့တာ ရာစုနှစ်တစ်ဝက်ကျော်ပြီဖြစ်ပါတယ်။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးဆိုတဲ့ အခြေခံရမည့်မူနဲ့လည်း လက်ရှိနိုင်ငံတော်သီချင်းရဲ့ “ခြေဆင်း” စာသားမှာ ကိုက်ညီနေတာတွေ့ရပါတယ်။

လက်ရှိနိုင်ငံတော်သီချင်းမှာ ကျွန်တော်တို့ရဲ့ ဘိုးဘွားအမွေအနှစ်ဖြစ်တဲ့ ပြည်ထောင်စု အမြဲတည်တံ့စေဖို့ ထိန်းသိမ်းရေး၊ ပြည်ထောင်စုကို အသက်ပေးကာကွယ်ရေး၊ ပြည်ထောင်စုအကျိုးကို ညီညွတ်စွာ ထမ်းဆောင်ရေးတို့ဟာ ကျွန်တော်တို့ရဲ့ တာဝန်ဖြစ်ကြောင်း ဖော်ညွှန်းပါရှိပါတယ်။

ဒါ့အပြင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ဟာလည်း ယနေ့နိုင်ငံသားအားလုံးရဲ့ တာဝန်ဖြစ်တာနဲ့အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံး လက်တွဲညီညီ ဆောင်ရွက်သွားကြဖို့ကိုလည်း လက်ရှိနိုင်ငံတော်သီချင်းမှာ ပါရှိနေပါတယ်။

အဲဒီလို နှစ်ပေါင်းရှည်ကြာစွာ အသုံးပြုခဲ့တဲ့အပြင် သီချင်းပါစာသားများဟာလည်း အမျိုးသားညီလာခံက ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ ညီညွတ်တဲ့အတွက်ကြောင့် နိုင်ငံတော်သီချင်းအတွက် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရာမှာ **“နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်”** လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–

ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ မြို့တော်များဟာ နိုင်ငံရဲ့အလယ်ဗဟိုမှာ တည်ရှိတာတွေ့ရပါတယ်။ ဒါ့ပြင် နိုင်ငံတိုင်းမှာ ဗဟိုအစိုးရရဲ့ ရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်လေ့ရှိကြပါတယ်။ ဆက်သွယ်ရေး၊ သွားလာရေး အဆင်ပြေပြီး နိုင်ငံတော်အတွက် အချက်အချာကျမယ့် နေရာဒေသကိုလည်း နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် ရွေးချယ်သတ်မှတ်လေ့ ရှိကြပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုရရှိရေးအတွက်လည်းကောင်း၊ ပြည်နယ်၊ တိုင်းအသီးသီးတို့နှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန်အတွက်လည်းကောင်း၊ နိုင်ငံတော်၏ အလယ်တွင်ရှိသော ဒေသကို ရွေးချယ်ပြီး နိုင်ငံတော်၏ မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို တည်ဆောက်ပြီးဖြစ်ပါတယ်။

ယခုအခါ နိုင်ငံတော်အစိုးရရဲ့ ဗဟိုရုံးများဟာ နေပြည်တော်မှာ ရုံးစိုက်လျက် နိုင်ငံတော်ရဲ့လုပ်ငန်းတာဝန် အဝဝကို ဆောင်ရွက်လျက်ရှိကြတဲ့အတွက် နိုင်ငံတော်အစိုးရ ဗဟိုရုံးများ ရုံးစိုက်ထားရာ နေပြည်တော်ကို နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ခြင်းဟာ သင့်လျော်ပါတယ်။

ဒါကြောင့် **“နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်”**ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီး စာတမ်းဒုတိယပိုင်းကို စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်မှ ဦးစောလှထွန်းက ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–

ကျွန်တော်ကတော့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးစောလှထွန်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ရဲ့ အကြံပြုချက်စာတမ်း ဒုတိယပိုင်းကို ဆက်လက်ဖတ်ကြား တင်ပြပါ့မယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၃ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်တဲ့ အခန်းတစ်ခန်းဖြစ်တဲ့ **“ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း”**နဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီ ရှင်းလင်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ခြင်းနှင့် စပ်လျဉ်းပြီး–

“ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်”

ဟူ၍ အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်-မသင့် ဆွေးနွေးအကြံပြုကြရန်ရှင်းလင်းပြောကြားခဲ့ပါတယ်။

ယခုအခါမှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် Road Map လုပ်ငန်းစဉ် (၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာမှာ စတုတ္ထအဆင့်မှာ အမျိုးသားညီလာခံက တညီတညွတ်တည်း ချမှတ်မယ့် အခြေခံမူများနှင့်အညီ ရေးဆွဲထားတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းကြမှာ ဖြစ်ပါတယ်။

အဲဒီလို အတည်ပြုဆောင်ရွက်ရာမှာ ပြည်သူ့ဆန္ဒရယူခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုခြင်း၊ အတည်ပြုပြဋ္ဌာန်းပြီးနောက် နိုင်ငံတော်တစ်ဝန်းလုံးမှာ အာဏာတည်စေခြင်းတို့ဟာ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့်လည်း ကိုက်ညီမှုရှိတာတွေ့ရလို့ သတ်မှတ်ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

ဒီနေရာမှာ အကြံပြုလိုတဲ့ အချက်တစ်ချက်ကတော့ ဆန္ဒမဲဆိုတဲ့နေရာမှာ ဝိဝါဒကွဲပြားစရာ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ ကြားနေခြင်းဆိုတဲ့ အဓိပ္ပာယ်များလည်း ပေါ်ပေါက်လာနိုင်တာမို့ “ထောက်ခံဆန္ဒမဲ”ဟူ၍ ဖြည့်စွက်သုံးနှုန်းသင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဒါကြောင့်–

“ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲဖြင့် အတည်ပြု ပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်”

ဟူ၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာမှာ ''ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစပြီး ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး မကျင်းပမီကာလအတွင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံးရေး'' အချက်နှင့် စပ်လျဉ်းပြီး–

''ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး မကျင်းပမီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်။''

ဟူ၍ အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်–မသင့် ဆွေးနွေး အကြံပြုကြဖို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမယ့် ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမယ့် လွှတ်တော်များဟာ ရုတ်တရက် ချက်ချင်းပေါ်ပေါက်လာနိုင်မှာ မဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပြီးမှသာ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးသည့်အချိန်နှင့် လွှတ်တော်များ ပေါ်ပေါက်သည့် အချိန်ကြားကာလမှာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ အချုပ်အခြာအာဏာတို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ခံကျင့်သုံးပြီး လွှဲပြောင်းပေးမှသာလျှင် စဉ်ဆက်မပြတ် နိုင်ငံတော်ရဲ့ အာဏာကြီးသုံးရပ်ဟာ လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

အနာဂတ်ကာလမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပြီးမှ လွှတ်တော်များဟာ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။

ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုအပ်တဲ့ကိစ္စရပ်များကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုလွှတ်တော်မပေါ်ပေါက်မီ ပြည်ထောင်စုလွှတ်တော်ကိုယ်စား လိုအပ်တဲ့ဥပဒေပြုလုပ်ငန်းများကို လုပ်ဆောင်ဖို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား ဆောင်ရွက်ပိုင်ခွင့်ပေးထားရမှာဖြစ်ပါတယ်။ ဒါမှသာ လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေမှာဖြစ်ပြီး ကြိုတင်ဆောင်ရွက်တဲ့လုပ်ငန်းများ ဥပဒေနှင့်အညီဖြစ်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့–

''ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ ကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်''

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ရဲ့ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံရေးနဲ့စပ်လျဉ်းပြီး–

''ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်''

ဟူ၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့်ဆွေးနွေးအကြံပြုကြဖို့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ အနေနဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ ဦးတည်ချက်များ ထမြောက်အောင်မြင်စေရန် အခြေခံ အုတ်မြစ်များချမှတ်ခြင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဘက်စုံစီမံဆောင်ရွက်ရာမှာ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ ကြေညာချက်များ ထုတ်ပြန်ခြင်းစသည့် ဆောင်ရွက်ချက်များကို နိုင်ငံနှင့်လူမျိုးအတွက် အမှန်လိုအပ်သော ဆောင်ရွက်ချက်များဟူ၍ ခံယူပါတယ်။ ဒါကြောင့်–

''နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က ဆက်ခံကြောင်း'' အခြေခံရမည့်မူတစ်ရပ် ချမှတ်ခြင်းကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာပါဝင်တဲ့ တည်ဆဲဥပဒေများနှင့် စပ်လျဉ်းပြီး–

''တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်''

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် အကြံပြုလိုပါတယ်။

တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ နိုင်ငံတစ်နိုင်ငံမှာ အစဉ်အဆက်က လက်ခံကျင့်သုံးလာခဲ့တဲ့ တည်ဆဲဥပဒေများကို ဆက်လက်အတည်ပြုလေ့ ရှိကြပါတယ်။ အဲဒီဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိပါက နိုင်ငံအနေနဲ့ ဆက်လက် ကျင့်သုံးသွားရမှာ ဖြစ်ပါတယ်။

အကယ်၍ ဆက်လက်ကျင့်သုံးတဲ့ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေခြင်း မရှိပါကလည်း ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုသွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တည်ဆဲဥပဒေများနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား–

တည်ဆဲ ဥပဒေများနည်းတူ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ နိုင်ငံတော်မှာ အစဉ်အဆက်က လက်ခံကျင့်သုံးလာသော နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများရှိမှာ ဖြစ်ပါတယ်။

အဲဒီ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးနောက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိလျှင် ဆက်လက်ကျင့်သုံးအတည်ပြုသင့်ပြီး ဆန့်ကျင်ပါကလည်း ပယ်ဖျက်ပြင်ဆင်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့်–

''တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်''

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးအဆင့်ဆင့်တွင် ရှိနေသော မှုခင်းများနှင့် စပ်လျဉ်းပြီး–

''ဤဖွဲ့စည်းပုံအခြေခံ ဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများမပေါ်ပေါက်မီ ဆက်လက်၍ တရားစီရင်ပိုင်ခွင့်အာဏာများ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ် ကျန်ရှိနေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာအမှုများနှင့် အခွန်တော်အမှုများကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရမည်''

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ပြောကြားခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာတဲ့အခါ ယင်းဥပဒေနှင့်အညီ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှု သို့မဟုတ် တရားရုံးအဆင့်ဆင့် တည်ထောင်ခြင်း၊ တရားရုံးအဆင့်ဆင့်၏ စီရင်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းကိစ္စများကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ စတင် အာဏာတည်သည့်နေ့၌ တည်ရှိနေတဲ့ တရားရုံးအားလုံးဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဥပဒေဖြင့် တရားရုံးသစ်များ မတည်ထောင်သမျှ ဆက်လက်ပြီး တရားစီရင်ပိုင်ခွင့်အာဏာများကို သုံးစွဲဆောင်ရွက်သွားကြရမှာ ဖြစ်လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်း၍–

''ဤဖွဲ့စည်းပုံအခြေခံ ဥပဒေ အာဏာစတင်တည်သည့်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲ ဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်း မပြုသမျှ ဆက်လက်တည်ရှိစေရမည်''

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတော်မှာ ဖွဲ့စည်းထားတဲ့ အာဏာပိုင်အဖွဲ့အစည်းများ သို့မဟုတ် ဝန်ကြီးဌာနများနှင့် ဝန်ထမ်းများဟာ မိမိတို့နှင့်သက်ဆိုင်ရာ လုပ်ငန်းများကို အရှိန်မပျက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သလို ယင်းဝန်ထမ်းများ၏ လုပ်ငန်းခွင်တည်မြဲမှုရှိရန်လည်း လိုအပ်တဲ့အတွက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် ''အထွေထွေ ပြဋ္ဌာန်းချက်များအခန်း''အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ရှင်းလင်းတင်ပြခဲ့ပါတယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာပါဝင်တဲ့ အချက် ၂၆ချက်ကို ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှာပါဝင်တဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များက အသေးစိတ် လေ့လာခဲ့ကြပါတယ်။ အဲဒီလို အသေးစိတ်လေ့လာရာမှာ–

- **ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်ကြောင်း အသေးစိတ်အခြေခံရမည့်မူ(၁)ချက်**
- **အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့ အခြေခံမူ (၂)ချက်ကို ပြောင်းရွှေ့ဖော်ပြသင့်သည့် အသေးစိတ်အခြေခံရမည့်မူ(၂)ချက်**
- **ဖွဲ့စည်းပုံ အခြေခံဥပဒေအား မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင် အခြေပြုရန် အသေးစိတ်အခြေခံရမည့်မူ (၁)ချက်**
- **ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူ (၁)ချက်**
- **ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို မော်ကွန်းတင်ထားရှိရေးနှင့် ထိုစာမူသည် ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးသတ် သက်သေအရာမှာ တည်စေရေးနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူ (၁)ချက်**
- **နိုင်ငံတော်ရဲ့အကျိုးစီးပွားအလို့ငှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဖြစ်စေ၊ သမဝါယမအဖွဲ့အစည်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးတို့ကဖြစ်စေ၊ အစိုးရနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ အသေးစိတ်အခြေခံရမည့်မူ (၁)ချက်**
- **ပြည်ထောင်စုမြန်မာနိုင်ငံနှင့်စပ်လျဉ်းပြီး ထားရှိအပ်တဲ့ ပင်္ဂိုသာဂ်များကို လေးစားပါက နောင်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ဖြစ်ပေါ်လာမယ့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေနှင့်လည်း လေးစားမှာဖြစ်ကြောင်း အသေးစိတ် အခြေခံရမည့်မူ (၁)ချက်**
- **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အမည်နှင့် တရားစွဲဆိုနိုင်ခွင့်နှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူ (၁)ချက်**
- **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေး၊ အဖွဲ့ဝင်များခန့်ထားတာဝန်ပေးရေး၊ အဖွဲ့ဝင်များ ရှိသင့်သည့် အရည်အချင်းများနှင့် စပ်လျဉ်းပြီးချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူ(၅)ချက်**
- **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသက်တမ်းနှင့် စပ်လျဉ်းသည့် အသေးစိတ် အခြေခံရမည့်မူ (၁)ချက်**
- **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးခန့်ထားခြင်း၊ နုတ်ထွက်ခြင်း၊ အသစ်ခန့်အပ်ခြင်းတို့နှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူ (၃)ချက်**
- **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူ (၁)ချက်**
- **ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူ (၁)ချက်**
- **တရားရုံးတစ်ရုံးက အမှုကို စစ်ဆေးစီရင်ရာတွင် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှု၊ ညီညွတ်မှု ရှိ–မရှိ အငြင်းပွားမှုပေါ်ပေါက်ခြင်းနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူ(၂)ချက်**
- **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန် ကိစ္စများနှင့် စပ်လျဉ်းသည့် အသေးစိတ် အခြေခံရမည့်မူ (၂)ချက်**
- **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအတွက် လိုအပ်သော ဥပဒေပြဋ္ဌာန်းပေးရာတွင် ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဆင့် သတ်မှတ်ရေးတို့နှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူ(၂)ချက်တို့ကို**

တွေ့ရှိရပါတယ်။

လေ့လာတွေ့ရှိရတဲ့အချက်များဟာ အနာဂတ်နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပါရှိသင့်တဲ့အချက်များဖြစ်တဲ့အတွက် အသေးစိတ်အခြေခံသင့်တဲ့ မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားပြီးဆုံးပါပြီ။

ယခုအပတ်ကျင်းပတဲ့ အမျိုးသားညီလာခံကြီးဟာလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါပြီ။ ယခုအခါမှာဆိုလျှင် အခန်းအလိုက်ခေါင်းစဉ်များအားလုံးကို အကြံပြုခဲ့ကြပြီးဖြစ်တာမို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ရုပ်လုံးဟာလည်း ပီပီပြင်ပြင်ပေါ်ထွက်လာနေပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အမျိုးသားညီလာခံကိုယ်စားလှယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးမျှော်မှန်းထားကြတဲ့ အနာဂတ်အတွက် အာမခံချက်ပေးနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်လာရေး၊ အသေးစိတ် အခြေခံမူများရရှိရေး၊ အကြံကောင်း၊ ဉာဏ်ကောင်းများကို ကိုယ်စားလှယ်အသီးသီးထံမှ စုစည်းရရှိခဲ့ပြီလို့ဆိုရမှာဖြစ်ပါတယ်။

အဲဒီလို အကြံဉာဏ် ပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုယ်စားလှယ်အားလုံး နှစ်သက်ကြည်နူးဝမ်းမြောက်လျက်ရှိနေကြပါတယ်။

ဒီကနေ့ကျင်းပတဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးဟာ ကျွန်တော်တို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ရဲ့ စာတမ်းဖတ်ကြားပြီးပါက ပြီးဆုံးတော့မှာဖြစ်သလို **''အမျိုးသားညီလာခံကြီးအောင်မြင်ပြီ''** ဆိုတဲ့ ပထမဆုံး အောင်စည်အောင်မောင်းသံလည်း ဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျား။ ။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

နိုင်ငံတော်၏နှလုံးသား ဒို့တာဝန်အရေးသုံးပါးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်ကြမည်



ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံဖြစ်သည်။ လွတ်လပ်သော နိုင်ငံတော်၏ ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံမှုရှိပြီး လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝဖြင့် တင့်တယ်ဝင့်ထည်စွာ ရပ်တည်လျက်ရှိသည်။

ဤကဲ့သို့ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်၊ လွတ်လပ်သော နိုင်ငံတော်ဘဝကို လွယ်လွယ်ကူကူဖြင့် ရရှိရောက်ရှိခဲ့သည်ကား မဟုတ်ပေ။ ကမ္ဘာ့အလယ်တွင် အများနည်းတူ လွတ်လပ်သောနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် နှစ်ပေါင်းတစ်ရာကျော် တိုင်တိုင် လွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲများ ဆင်နွှဲခဲ့ရသည်။ ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူများ၏ ဇာတိသွေး၊ ဇာတိမာန် အပြည့်အဝဖြင့် အသက်၊ သွေး၊ ချွေးများစွာ စွန့်လွှတ်စွန့်စား ရင်းနှီးရယူခဲ့ရသော လွတ်လပ်ရေးဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်စွန့် ရယူခဲ့ရသော နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ထာဝရတန်ဖိုးထား လေးစားကြရပါမည်။ နိုင်ငံတော် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရအစွန့်ရှည် တည်တံ့ ခိုင်မြဲစေရန် ကာကွယ်စောင့်ရှောက်ကြရမည့် တာဝန်သည် နိုင်ငံသား တိုင်းက မျက်မှောက်ပြုရမည့် အမျိုးသားရေးတာဝန်ပင် ဖြစ်သည်။

မျက်မှောက် အချိန်အခါတွင် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် တို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော် သစ်ကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းသည် မျိုးဆက်တစ်ခုမှ မျိုးဆက်သစ် တစ်ခုဆီသို့ လက်ဆင့်ကမ်း အကောင်အထည်ဖော်ကြရမည့် လုပ်ငန်းဖြစ်ရာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံး စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည့် လုပ်ငန်းဖြစ်သည်။ ကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်ရေး အားထုတ်ကြိုးပမ်းနေကြရမည် ဖြစ်သည်။

အတိတ်သမိုင်း၏ အတွေ့အကြုံများအရ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။

ကြည်ဝင်းညွန့်

ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားများအားလုံး၏ ဘဝနှင့် ဆန္ဒအမှန်ဖြစ်သဖြင့် နိုင်ငံသားတိုင်းက ထာဝစဉ် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည့် အမျိုးသားရေး လက်ဆင့်ကမ်း တာဝန်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရှေး နှစ်ပေါင်းထောင်ချီ၍ သွေးရင်းသားချင်း တိုင်းရင်းသားများဖြင့် ညီညီညွတ်ညွတ် ပေါင်းစည်း နေထိုင်လာသည့် ပြည်ထောင်စု ကြီးဖြစ်သည်။ ပြည်နယ်နှင့်တိုင်း အသီးသီးတွင် တိုင်းရင်း သားများသည် ဘာသာစကား၊ ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက် အလိုက် ပေါင်းဆုံစုဖွဲ့ နေထိုင်လျက်ရှိရာ ပြည်ထောင်စုကြီးထဲမှ ပြည်ထောင်စုငယ်လေးများသာ ဖြစ်သည်။ ပြည်ထောင်စုကြီး ပြိုကွဲလျှင် နိုင်ငံတော် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပါ လက်လွှတ်ဆုံးရှုံးသွားနိုင်သည်ကို အစဉ်သတိပြု ဆင်ခြင်ကြပြီး ပြည်ထောင်စုမပြိုကွဲရေး၊ ပြည်ထောင်စုကြီး အရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြရပါမည်။ ပြည်ထောင်စုကြီး၏ မည်သည့် အစိတ်အပိုင်းကိုမျှ ပွန်းပဲ့ မသွားရေး၊ မြေစာတစ်မှုန့် ပန်းဖတ်တစ်လွှာ ရေမှုန်တစ်စက်ကိုမျှ ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် မျိုးဆက်သစ်လူငယ်များ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စု ကြီး၏ မြေပြင်၊ ဝေဟင်၊ ရေပြင်ပိုင်နက်အားလုံးကို အသက် ပေးပြီး ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားအားလုံး တို့သည် အသီးတစ်ရာ အညှာတစ်ခု ဆိုသကဲ့သို့ နေထိုင်ရာဒေသ အလိုက် ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဘာသာစကားများရှိကြသော် လည်း အနှစ်သာရမှာ ပြည်ထောင်စုသွေး၊ ပြည်ထောင်စု စိတ်ဓာတ် တွင်သာ အခြေပြုထားသဖြင့် အညှာတစ်ခုတည်းက ပေါက်ဖွားသီးပွင့် လာကြသည့် တစ်သွေးတည်း၊ တစ်သားတည်း တစ်အူထုံ့ဆင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမများသာ ဖြစ်ကြသည်။ ထို့ကြောင့် **တိုင်းရင်းသား စည်းလုံးညီညွတ်ရေး**သည် ပြည်ထောင်စုနိုင်ငံတော် အတွက် မရှိမဖြစ် အဓိကလိုအပ်ချက်ဖြစ်ကြောင်း တင်ပြလိုပါသည်။

နိုင်ငံတော်၏ ကောင်းကျိုး၊ ဆိုးပြစ်၊ တိုးတက်၊ ဆုတ်ယုတ်မှု တို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုအပေါ်တွင် အခြေ တည်ကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကို ပြန်ကြည့်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အားကောင်းခဲ့သည့် ပုဂံခေတ် ပထမ မြန်မာနိုင်ငံတော်၊ တောင်ငူခေတ် ဒုတိယ မြန်မာ နိုင်ငံတော်၊ ကုန်းဘောင်ခေတ် တတိယ မြန်မာနိုင်ငံတော်ဟူ၍ ပေါ်ထွန်းခဲ့စဉ်က နိုင်ငံတော်၏ အင်အားသည် တောင့်တင်းခိုင်မာပြီး ထည်ဝါထင်ရှား ဂုဏ်ရှိန်မြင့်မားခဲ့သည်။ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု အားနည်းလာသည့် ကာလများတွင်မူ နိုင်ငံ၏အင်အား လျော့နည်းလာပြီး နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေး အခြေအနေအရပ်ရပ်တို့ နိမ့်ကျခဲ့ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ များ၏ ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိရေး ကြိုးပမ်း တည်ဆောက်လျက်ရှိရာတွင် ဒို့တာဝန်အရေး သုံးပါးသည် နိုင်ငံတော်၏ နှလုံးသားပမာ အဓိက အရေးပါ။

အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ရပ်တည်လာခဲ့သည့် မြန်မာနိုင်ငံကို နယ်ချဲ့တို့က မတရားကျူးကျော်သိမ်းပိုက် အုပ်ချုပ် ခဲ့စဉ်က မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို ဖြိုခွဲရန် နည်းလမ်းအမျိုးမျိုးဖြင့် သပ်လျှိုသွေးခွဲခဲ့ကြသည်။ တိုင်းရင်းသား အချင်းချင်း သံသယစိတ်များ ဖြစ်ပေါ်လာစေရန် လူမျိုးရေးအရ၊ အုပ်ချုပ်ရေးအရ၊ လုပ်ကြံဖန်တီးမှုများ ပြုလုပ်ခဲ့ကြသည်။ နိုင်ငံတော် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင်လည်း ပြည်နယ်ခွဲထွက်ရေး ကိစ္စကို အကြောင်းပြုပြီး ပြည်ထောင်စုကြီး ပြိုကွဲမည့် အခြေအနေ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပျက်စီးမည့် အခြေအနေများနှင့် ကြုံတွေ့ခဲ့ရာ တပ်မတော်က အချိန်မီ ထိန်းသိမ်းနိုင်ခဲ့၍သာ နိုင်ငံတော်ကြီး တစ်စစီ ပြိုကွဲမည့် အန္တရာယ်က လွတ်မြောက်ခဲ့ရခြင်း ဖြစ်သည်။

ယင်းသို့သော အတိတ်သမိုင်း သင်ခန်းစာများအရ နိုင်ငံတော်က တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလေးထားလျက်ရှိသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး ဝေးလံခေါင်ဖျားသည့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရန်အတွက် လမ်းများ၊ တံတားများ တည်ဆောက်ပေးလျက် ရှိသည်။ ဆေးရုံ၊ ဆေးပေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးမြှင့်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။ တိုင်းရင်းသားလူငယ်များ လွယ်လင့်တကူ ပညာသင်ကြားနိုင်မည့် အခြေခံပညာကျောင်းများ၊ ဒီဂရီကောလိပ်များနှင့် အဆင့်မြင့် တက္ကသိုလ်များ တိုးတက်ဖွင့်လှစ် ပေးလျက်ရှိသည်။ နယ်စပ်ဒေသ အစွန်အဖျား တစ်နံတစ်လျားမကျန် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးရေးအခြေခံ အဆောက်အအုံ များစွာကို တည်ဆောက် ဖြည့်ဆည်းပေးနေခြင်းသည် နိုင်ငံတော်က တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသည့် မေတ္တာ၊ စေတနာကို ဖော်ညွှန်းပြသနေခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံသည် ပြည်သူ၊ အစိုးရ၊ နယ်နိမိတ်နှင့် အချုပ်အခြာ အာဏာစသည့် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်အင်္ဂါရပ် များနှင့် ပြည့်စုံလျက်ရှိသည်။ လွတ်လပ်သော နိုင်ငံတော်အဖြစ် ထာဝရ ရပ်တည် နိုင်ရေးအတွက် အသက်ဝိညာဉ်ဖြစ်သည့် အချုပ်အခြာ အာဏာသည် နိုင်ငံသားများ၏ လက်ဝယ် ပိုင်ဆိုင်နေရမည်ဖြစ်သည်။ ယင်းသို့ ပိုင်ဆိုင်နိုင်မှုမရှိဘဲ သူတစ်ပါး၏ လွှမ်းမိုးမှုကို ခံနေရလျှင် လွတ်လပ်ရေး ဆုံးရှုံးခြင်းပင် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားတိုင်းက

အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးသည် အမှုမဲ့၊ အမှတ်မဲ့နေပါက တစ်ခဏအတွင်းမှာပင် ဆုံးရှုံးသွားတတ်သော်လည်း လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက်မူ အချိန်များစွာ ကြာမြင့်ခဲ့ပြီး အသက်သွေး ပေါင်းများစွာ စတေးခဲ့ကြောင်း အစဉ်သတိရနေကြရ။

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာမည့် ခေတ်သစ် ကိုလိုနီများ၏ အန္တရာယ်၊ ပုဆိန်ရိုး ပြည်ဖျက်များ၏ ကောက်ကျစ်သည့် အကြံအစည် ဖန်တီးမှု အသွယ်သွယ်ကို မပြတ်သောသတိဖြင့် အစဉ်ဂရုပြု ကာကွယ်သွားကြရမည်။

(၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တာဝန်ကို ဦးလည် မသုန် ထမ်းဆောင်ကြရမည် ဖြစ်ပါသည်။

မျက်မှောက်ကမ္ဘာတွင် ပြည်တွင်းတိုင်းရင်းသား စည်းလုံး ညီညွတ်မှု ပျက်ပြားမှုကြောင့် တစ်စစီပြိုကွဲသွားရသည့် နိုင်ငံများ၊ ပြည်ပနိုင်ငံကြီးများ၏ မြေစာပင် စစ်တလင်းအဖြစ် သွေးချောင်းစီး ပျက်စီးခဲ့ရသည့် နိုင်ငံများ၊ ခေတ်သစ်ကိုလိုနီအဖြစ် ရုပ်သေးရုပ် အစိုးရများ တင်မြှောက်ကာ အချုပ်အခြာအာဏာ ဆုံးရှုံးနေရသည့် နိုင်ငံအများအပြားတို့ကို တွေ့မြင်နေရသည်။

အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးသည် အမှုမဲ့၊ အမှတ်မဲ့နေပါက တစ်ခဏအတွင်းမှာပင် ဆုံးရှုံးသွားတတ်သော်လည်း လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက်မူ အချိန်များစွာ ကြာမြင့်ခဲ့ပြီး အသက်သွေးပေါင်းများစွာ စတေးခဲ့ကြောင်း အစဉ်သတိရနေကြရမည် ဖြစ်သည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာမည့် ခေတ်သစ်ကိုလိုနီများ၏ အန္တရာယ်၊ ပုဆိန်ရိုးပြည်ဖျက်များ၏ ကောက်ကျစ်သည့် အကြံအစည်ဖန်တီးမှု အသွယ်သွယ်ကို မပြတ်သောသတိဖြင့် အစဉ်ဂရုပြု ကာကွယ်သွားကြရမည် ဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းအကောင်အထည် ဖော်လျက်ရှိသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်၍ ဖော်ဆောင်လျက်ရှိသည်။ ပထမ အဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်လျက် ရှိသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိရေး ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံတော်၏ နှလုံးသားပမာ အဓိက အရေးပါသည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုမပြိုကွဲရေးသည် နိုင်ငံတော်အတွက် **အဓိက လိုအပ်ချက်** ဖြစ်သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးသည် နိုင်ငံတော်အတွက် မရှိမဖြစ်သည့် **အရေးအကြီးဆုံးအချက်** ဖြစ်သည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတွက် မြတ်နိုးတန်ဖိုးအထားရဆုံး အသက်ဖြစ်ပေသည်။

သို့ဖြစ်ရာ ဘိုးဘွားအမွေအနှစ်ဖြစ်သည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ တည်နေသရွေ့ အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရေးအတွက် တိုင်းရင်းသား ပြည်သူအပေါင်းတို့က နိုင်ငံတော်၏ နှလုံးသားဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု ဇာတ်လမ်းထုတ်လွှင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သပြေနု၏ ဝတ္ထုဇာတ်ညွှန်းကို မြန်မာ့အသံက စီစဉ်ထုတ်လွှင့်သည့် **"အလှဆုံးအိမ်"** ဇာတ်လမ်းကို ဇန်နဝါရီ ၄ရက် လွတ်လပ်ရေးနေ့ ည ၇ နာရီ ၁၅ မိနစ်နှင့် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁၂နာရီခွဲတွင် မြန်မာ့အသံ ရေဒီယိုက ထုတ်လွှင့်မည်ဖြစ်သည်။ ယင်း ဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် နန်းဆုရတီစိုးနှင့် မြန်မာ့အသံ ဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်

❑ နှင်းငွေမှုန် သိုင်းခြုံလွှမ်း
အေးချမ်းတဲ့ ရာသီမှန်။
ပန်းတော်ဝင် သဇင်ဦး
ထူးတင့်ဝေလျှံ။
ပြည်ထောင်စု ဒို့အောင်လံ
ကောင်းကင်ယံ လွင့်ပျံ့ဝဲ။
မချို့သမ္ဘာနှင့်
ဒို့မြန်မာ လွတ်လပ်ပန်း
လန်းစွင့်တဲ့ပွဲ။
❑ ကိုလိုနီ ကျွန်သပေါက်
သူ့လက်အောက် ညှံ့မခံ။
ဒို့မြန်မာ သာကီမျိုးဟော့
နိုးထ အားမာန်။
သွေးချင်းဆွေ လက်ချင်းတွဲလို့
အသက်ချင်းလဲ တွန်းတော်လှန်
ပြိုင်စံမဲ့ မော်ကွန်း။
နယ်ချဲ့ကို အလဲထိုးလို့
ကိုယ့်မျိုးဂုဏ် တစ်ခေတ်ဆန်းရအောင်
ကမ်းဆင့် ဖော်ညွှန်း။
❑ ကျွန်ဖြစ်မှ လက်တွေ့သိ
လွတ်လပ်ရေး၏ အရသာ
ဆုံးရှုံးရန် တခဏပေမယ့်
ပြန်ရဖို့ ခက်ဘိတောင်း
နှစ်ပေါင်းရှည်ကြာ။
လက်ချင်းယှက် အသက်နှင်းအပ်
"လွတ်လပ်မှ အမျှဝေပါ"
ကမ္ဘာတည်မည့် အမှာစကား။
တန်ဖိုးအမှန်မြင်လို့
ထာဝစဉ် တည်တံ့မြဲရအောင်
လက်တွဲကာ တစ်စိတ်ဝမ်း
ကြိုးပမ်းစို့လား။
❑ နွားကွဲလျှင် ကျားဆွဲသတဲ့
ကျားရဲတို့ ပေါလှသည်။
ဘေးစကား နားယောင်လို့
ဒို့ညီနောင် သွေးမကွဲစေနဲ့
တွဲလက်ခိုင်ကျည်။
ပြည်ထောင်စု ဒို့တိုင်းပြည်
နှစ်ထောင်ချီ ဂုဏ်ပျံ့မွှေး။
စည်းရိုး အတူကာ
ဝမ်းစာကို အတူပျိုး
ကျားဆိုးရန် အတူနှိမ်နင်းပါလို့
ချစ်ခြင်းနှင့် သစ္စာစောင့်ကြမယ်
ကြောင့်ကြ ကင်းဝေး။
❑ ဒို့ပြည်ကို နတ်ဘုံနန်းတမျှ
အစွမ်းပြ တည်ဆောက်ရန်။
ကိုယ့်မူ ကိုယ့်စံနှင့်
ကိုယ့်နိုင်ငံ ကိုယ့်အရေး
ဆွေးနွေး စီမံ။
အမျိုးသားညီလာခံ
နိုင်ငံရဲ့ အနာဂတ်လမ်း။
ရွှေပြည်တော် တကယ်နီးပြီမို့
ခရီးညီ ဖေးကူယှက်
ရှေ့ဆက်တက်လှမ်း။
❑ ကိုယ့်အချုပ်အခြာနှင့်
ကိုယ့်အာဏာ ကိုယ်ပိုင်သ
ကိုယ့်စွမ်းစ ပြရမည်။
ကိုယ့်ပြည်ရွာ ကိုယ်မြတ်နိုး
ကိုယ်ကျိုးစွန့်မည်။
ကိုယ့်စခန်း ကိုယ်ဆောက်
ကိုယ့်လမ်း ကိုယ်ဖောက်လို့
ကိုယ်လှမ်းမှ ကိုယ်ရောက်မည်
ကိုယ့်ပြည်ဂုဏ် ကိုယ်တိုင်မြှင့်။
ပထွေး မမျှော်လေနှင့်
ဘေးချော်ကာ ကျွန်စိတ်အတွေး
ရွေးမှူ မသင့်။
❑ မောင်မယ်တွေ ညီညာစု
အလေးပြု ဒို့အောင်လံ
"ကမ္ဘာမကျေ" သံပြိုင်တေး
ဟစ်ကြွေး ခြိမ့်ညံ။
ပြည်ထောင်စုကို အသက်ပေးလို့
ကာကွယ်ရေး အဓိဋ္ဌာန်
သခင်နိုင်ငံ အဓွန့်ရှည်ရေး။
ပြည်ပရန်"ကျားစဉ်းလဲ"နှင့်
ပြည်တွင်းရန်"နောက်မီးဆွဲ"ပါ
ဖြိုလှဲ့ကာ အမြစ်မကျန်နုတ်
သုတ်သင်စို့လေး။ ။

[(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုလျက်-]

ဇော်မင်းမင်းဦး

မဟာဗောဓိစာသင်တိုက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ကျေးဇူးတော်ရှင် မဟာဗောဓိ ဆရာတော်အား ရပ်ဝေးရပ်နီး တပည့်များက စုပေါင်း၍ (၉)ကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ဩဝါဒခံယူပွဲကို ၁၃၆၈ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက် (ဇန်နဝါရီ ၁၀ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီတွင် အဆိုပါကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ မဟာဗောဓိစာသင်တိုက်၌ ပညာသင်ယူသွားကြသော တပည့်များ ပင့်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ကြပါရန် ပင့်လျှောက်ထားကြောင်း သိရသည်။ **(က-ပ)**

ပေါက်စေတီကျောင်းတိုက် အထူးတရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရှစ်မိုင်ပေါက်စေတီကျောင်းတိုက်၌ ပေါက်စေတီ ဆရာတော်ကြီး၏ ဩဝါဒကို ခံယူလျက် တောင်စွန်း ဓမ္မဒူတ ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်တို့ကို ရည်မှန်းပူဇော်သောအားဖြင့် ဓမ္မဒူတ အထူးတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၃ရက်တွင် ဓမ္မဒူတ အရှင်ဝါသေဋ္ဌာဘိဝံသ၊ ၄ရက်တွင် ဓမ္မဒူတ အရှင်အာစိဏ္ဏ၊ ၅ရက်တွင် ဓမ္မဒူတ ဉာဏဝရ၊ ၆ရက်တွင် ဓမ္မဒူတ အရှင်ကောသလ္လ၊ ၇ရက်တွင် ဓမ္မဒူတ အရှင်ဉာဏုတ္တရ၊ ၈ရက်တွင် ဓမ္မဒူတ အရှင်သီလာစာရ၊ ၉ရက်တွင် အရှင်ပညိသရ၊ ၁၀ရက်တွင် ဓမ္မဒူတ အရှင်ယောသိတ၊ ၁၁ရက်တွင် ဓမ္မဒူတ အရှင်ဝိမလ၊ ၁၂ရက်တွင် ဓမ္မဒူတ အရှင်ပညာဝရ၊ ၁၃ရက်တွင် ဓမ္မဒူတ အရှင်ဉာဏဝုဓ၊ ၁၄ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒအရှင်သူမြတ်တို့ကညစဉ် ၇နာရီခွဲမှစ၍ တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သဲအင်းဂူဝိပဿနာရိပ်သာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် အမှတ်(၆)ဝိုင်း သဲအင်းဂူဝိပဿနာရိပ်သာ ရတနာမာန်အောင်ကျောင်းတိုက်၌ ဇန်နဝါရီ ၆ ရက်မှ ၁၂ရက်အထိ မူလသဲအင်းဂူဆရာတော်ကြီး၏ဥပနိဿယအတိုင်း ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ မုနိန္ဒ (ကျိုက်ဝိုင်း)နှင့် (၆)ဝိုင်း ဆရာတော် ဘဒ္ဒန္တ ဝီရိယ (ဓမ္မာစရိယ ဝိနယဝိဒူ)၊ ဘဒ္ဒန္တ စိန္တာမယ(ရွှေခိုင်ပြည်ဆရာတော်) အရှင်သူမြတ်တို့က တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၅ရက်(သောကြာနေ့)ညနေ၅နာရီ အရောက် လာကြရမည်ဟုသိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အသိဉာဏ်ပေး စိတ်ငြိမ်အေး (ဓမ္မဒူတ အရှင်ဆေကိန္ဒ ဟောကြားတော်မူသော ယဉ်ကျေးရင် အမြင်အေးပါတယ်) (အပိုင်း-၂)
၇:၃၅	နိုင်ငံတကာအနုပညာရေးရာ
၈:၀၅	ပြည်တွင်းသတင်းအကျဉ်း
၈:၁၅	ကော်ဖီကိုဗဟိုပြု၍
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	Midweek Sports News
၈:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပေါင်းပင်"
၉:၁၅	မိုးလေဝသခန့်မှန်းချက်
၉:၂၀	မြန်မာ-တရုတ် နှစ်နိုင်ငံပြည်သူ ပြည်သားများ မိတ်ဆုံပျော်ပွဲ သဘင် အနှစ်(၅၀)မြောက် အထိမ်းအမှတ် အနုပညာ ပဒေသာကပွဲ (မန်စီမြို့) (ဒုတိယပိုင်း)
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	မိကျောင်းမျိုးဆက် မပြုန်းတီးရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေး
၁၀:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၀	ကျန်းမာရေးကဏ္ဍ [ဒေါက်တာအောင်မြတ်သွင် (မေ့ဆေးပါမောက္ခ) ဆရာဝန် အပ်စိုက်ကုပါရဂူနှင့် တွေ့ဆုံခြင်း] (ဒုတိယပိုင်း)
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	**ရှင်နှောင်းကျောင်းရောက်ပြီ** ကြည်စိုး၊ ထူးသာ၊ ချောနုဝင်း၊ ယွန်းငုံဖူး (ဒါရိုက်တာ-ဦးခင်ဇော်)
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	Myanmar Video Rhythm
၁၂:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၂၅	Language Lab (ကမာရွတ်၊ အမက-၂)
၁:၀၀	MRTV-4 အပိတ် Logo၊

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို
နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊
မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊
ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊
နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက်
၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ပြည်ပမှ တရားမဝင်တင်သွင်းရောင်းချနေသည့် ဆေးဝါးအချို့ အမျိုးသားကျန်းမာရေးကို အန္တရာယ်ပေးလျက်ရှိ တတ်ကျွမ်းသည့် ဆေးဝါးထုတ်လုပ်မှုပညာ၊ ဆေးဝါးအာနိသင်စစ်ဆေးမှု ပညာများဖြင့် နိုင်ငံသားများကို စောင့်ရှောက်

● ရွှေဖုံး

ရဲဘော်တို့–

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှာ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)သင်တန်း၊ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)သင်တန်း၊ ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့သင်တန်း၊ ဆေးဘက်ပညာသည်ဘွဲ့(ရောဂါရှာဖွေရေးပညာ)သင်တန်း၊ ဆေးဘက်ပညာသည်ဘွဲ့ (ဓာတ်မှန်ရိုက်ပညာ) သင်တန်း၊ ဆေးဘက်ပညာသည်ဘွဲ့ (ကာယကုသမှုပညာ) သင်တန်းနဲ့ သူနာပြုမဟာသိပ္ပံဘွဲ့သင်တန်းတွေကို သင်ကြားပို့ချပေးလျက်ရှိတယ်။

ယနေ့ သင်တန်းဆင်းကြတဲ့ ရဲဘော်တို့ဟာ သက်ဆိုင်ရာအထူးပြုဘာသာရပ်အသီးသီးနဲ့ စစ်ပညာများကို လေ့ကျင့်အောင်မြင်ခဲ့ကြပြီးဖြစ်တဲ့အတွက် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မယ့် အမျိုးသားတပ်မတော်မှာ တာဝန်ပေးခန့်အပ်တော့မှာဖြစ်တယ်။ သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီသူများဟာ သူနာပြုမဟာသိပ္ပံဘွဲ့သင်တန်းတွေကို ဆက်လက်တက်ရောက်ခွင့် ရကြမှာဖြစ်တယ်။ ထို့အတူပဲ ထူးချွန်သူများဟာ သူနာပြုပါရဂူဘွဲ့အတွက် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်တွေမှာ တက်ရောက်သင်ကြားခွင့်ကို ရရှိကြမှာ ဖြစ်တယ်။

မရှိမဖြစ်အရေးပါ

ရဲဘော်တို့–

သူနာပြုလုပ်ငန်းဆိုတာ ကျန်းမာရေးကဏ္ဍမှာ အရေးပါတဲ့လုပ်ငန်းတစ်ရပ်ဖြစ်တယ်။ ကရုဏာတရားကြီးမားပြီး ကြင်နာတတ်ခြင်း၊ ကိုယ်ကျိုးစွန့်အနစ်နာခံတတ်ခြင်း၊ စေတနာထက်သန်ခြင်း၊ စိတ်ထားမွန်မြတ်ခြင်း၊ အပင်ပန်းအဆင်းရဲခံနိုင်ခြင်း စတဲ့အင်္ဂါရပ်တွေနဲ့ ထူးထူးကဲကဲ ပြည့်စုံသူတွေသာ ထမ်းဆောင်နိုင်တဲ့ တာဝန်မျိုးဖြစ်တယ်။ သူနာပြုလုပ်ငန်းမှာ ရောဂါတားဆီးကာကွယ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါနှိမ်နင်းခြင်း၊ ပြုစုကုသခြင်းနဲ့ ဝေဒနာရှင်များကို မူလအခြေအနေကောင်းရောက်အောင် ပြန်လည်ထူထောင်ပေးခြင်းတို့ အပါအဝင်ဖြစ်တယ်။ စေတနာနဲ့ အကြင်နာဆိုတာ အလွန်ထိရောက်တဲ့ စိတ်ပိုင်းဆိုင်ရာ ကုထုံးလဲဖြစ်တယ်။ တစ်ခါတစ်ရံမှာ အမှန်တကယ် ရောဂါမရှိဘဲ လူနာရဲ့ စိတ်မှာ ဥပါဒါန်ကပ်ပြီး ဝေဒနာသည်လိုဖြစ်နေတာတွေအတွက် သူနာပြုတွေက လူနာမှာဖြစ်ပေါ်နေတဲ့အကြောင်းရင်းကို လေ့လာပြီး စိတ်ကိုစိတ်နဲ့ ကုရတာမျိုးလဲ တွေ့ကြုံရတတ်တယ်။ လူနာရဲ့ ယုံကြည်၊ လေးစားအားထား၊ ချစ်ခင်မှုတွေကိုရတဲ့ သူနာပြုရဲ့ အပြောအဆို၊ အပြုအမူဟာ ကုသမှုကို အလွန်ထိရောက်စေတာမို့လဲ သူနာပြုလုပ်ငန်းဟာ ကျန်းမာရေးကဏ္ဍမှာ မရှိမဖြစ် အရေးပါတာဖြစ်တယ်။

ထို့အတူပဲ ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့နဲ့ပတ်သက်လို့ ပြောကြားရရင် အနောက်တိုင်းဆေးပဲဖြစ်စေ၊ တိုင်းရင်းဆေးပဲဖြစ်စေ ဆေးဝါးဖော်စပ်မှုနဲ့ ဆေးဝါးအသုံးပြုမှုအတွက် ကျွမ်းကျင်ပညာရှင်တွေ လိုအပ်တယ်။ ဆေးဝါးကျွမ်းကျင်သူတွေဟာ ဖော်စပ်ရာမှာပါဝင်မယ့် ဓာတုပစ္စည်းတွေ၊ သဘာဝသစ်ဥသစ်ဖုတွေရဲ့ အာနိသင်နဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို သိဖို့လိုတယ်။ ဆေးဝါးသုံးစွဲရာမှာလဲ အတိုင်းအဆ မှန်ကန်မှု၊ ဆေးပတ်လည်မှုနဲ့ တွဲဖက်သုံးဆောင်ရမယ့် အထောက်အကူပြု ဓာတ်စာ ဆေးဝါးတွေကိုလဲ နားလည်ကြရမယ်။ ယနေ့ဆိုရင် ပြည်ပကနေ တရားမဝင်တင်သွင်းရောင်းချနေတဲ့ ဆေးဝါးအချို့ဟာ အမျိုးသား ကျန်းမာရေးကို အန္တရာယ်ပေးလျက်ရှိတယ်။ ဒါကြောင့် ရဲဘော်တို့တတ်ကျွမ်းတဲ့ ဆေးဝါးထုတ်လုပ်မှုပညာ၊ ဆေးဝါးအာနိသင်စစ်ဆေးမှု ပညာတွေနဲ့ နိုင်ငံသားတွေကို စောင့်ရှောက်ကြရမှာဖြစ်တယ်။

ဘက်စုံထောင့်စုံ

ရောဂါရှာဖွေရေးပညာနဲ့ ဓာတ်မှန်ရိုက်ပညာတို့ကတော့ **အနာသိမှ ဆေးရှိ** ဆိုတဲ့ ဆိုရိုးစကားရဲ့တန်ဖိုးကို ဖော်ထုတ်ရမယ့်ပညာရပ်တွေဖြစ်တယ်။ ဆေးကုသမှုမှာ ရောဂါရှာဖွေရေးကို ဘက်စုံထောင့်စုံပြုလုပ်ဖို့ လိုတယ်။ ဒီလိုမှမလုပ်ရင် **အနာတခြား၊ ဆေးတခြား**ဖြစ်ပြီး အချိန်ဆုံးရှုံးခြင်း၊ ငွေဆုံးရှုံးခြင်းတို့အပြင် လူနာရဲ့အသက်ပင်လျှင် ဆုံးရှုံးသွားတတ်တယ်။

ကာယကုသမှုပညာကတော့ စစ်မြေပြင်မှာ ဒဏ်ရာရလို့ မသန်မစွမ်းဖြစ်သွားတဲ့ စစ်သည်တွေအတွက် အထူးလိုအပ်တဲ့အပြင် ကျိုးပေါင်း၊ အရိုးအတက်၊ အဆစ်ရောင်၊ လေဖြတ် စတဲ့ရောဂါဝေဒနာရှင်တွေကို ပြုစုကုသပေးဖို့လဲ လိုအပ်တဲ့ပညာရပ်ဖြစ်တယ်။ ထို့အတူပဲ မွေးရာပါ မသန်မစွမ်း ကလေးသူငယ်တွေကိုလဲ စောင့်ရှောက်ပေးနိုင်စွမ်းရှိတယ်။ မသန်မစွမ်းဝေဒနာရှင်တွေကို သူတစ်ပါးအကူအညီမလိုဘဲ မိမိကိုယ်မိမိ ရပ်တည်လာနိုင်အောင် ကုသပေးနိုင်တဲ့ ပညာဖြစ်တဲ့အတွက် နိုင်ငံတိုင်းမှာ အလေးထားတဲ့ ပညာရပ်ဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

ရဲဘော်တို့ကို ဝိဇ္ဇာနဲ့ သိပ္ပံဆိုင်ရာ တက္ကသိုလ်အဆင့် ဘာသာရပ်တွေနဲ့ ဆေးပညာအထောက်အကူပြု ဘာသာရပ်တွေကို သင်ကြားပေးခဲ့တဲ့နည်းတူ တပ်စုမှူးအဆင့် စစ်ပညာရပ်တွေကိုလဲ သင်ကြားပေးခဲ့ပြီးဖြစ်တယ်။ စစ်မြေပြင် ကျွမ်းကျင်မှုဘာသာရပ်နဲ့အတူ စစ်ဘက်ခေါင်းဆောင်မှုဘာသာရပ်၊ အကူလက်ရုံးတပ်များဘာသာရပ်၊ ဦးစီးတာဝန်ဘာသာရပ်၊ စစ်ဘက်ရေးရာ လုံခြုံရေးဘာသာရပ်၊ အုပ်ချုပ်မှုဘာသာရပ်၊ စစ်ဘက်ဥပဒေဘာသာရပ်တွေကို တစ်ဆင့်ပြီး တစ်ဆင့် တိုးမြှင့်လေ့ကျင့်သွားကြဖို့ လိုအပ်တယ်။ ဒါကြောင့် ခြေလျင်တပ်စုမှူး သင်တန်း၊ ခြေလျင်တပ်ခွဲမှူး သင်တန်းနဲ့ ခြေလျင်တပ်ရင်းမှူးသင်တန်းတွေကို အဆင့်လိုက် တက်ရောက်ကြရမှာဖြစ်တယ်။

အသက်ပေးကာကွယ်

ရဲဘော်တို့ဟာ တပ်မတော်ရဲ့ ကြည်းတပ်အစိတ်အပိုင်း၊ ရေတပ်အစိတ်အပိုင်း၊ လေတပ်အစိတ်အပိုင်းဆိုင်ရာ တပ်ဖွဲ့တွေနဲ့ လက်တွဲပြီး နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထုပိုင်နက်ကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်နိုင်ရမယ်။ လိုအပ်လာရင် စစ်မြေပြင်မှာ တပ်ကိုအမိန့်ပေးကွပ်ကဲတိုက်ပွဲဝင်ပြီး ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ်စောင့်ရှောက်နိုင်တဲ့ တပ်မတော်သားကောင်းတွေ ဖြစ်ကြရမယ်။

တပ်မတော်သားကောင်းတွေ ဖြစ်ဖို့အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဆိုတဲ့ အခြေခံအရည်အချင်း ငါးပါးနဲ့ပြည့်စုံရမယ်။ စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ စောင့်ထိန်းကြရမယ်။ ထို့အတူပဲ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်းသယ်ဆောင်နိုင်စွမ်းရှိရမယ်။ ဒါ့အပြင် ရဲဘော်တို့အနေနဲ့ ဆေးဝန်ထမ်းတွေ စောင့်ထိန်းရမယ့် ကျင့်ဝတ်သိက္ခာနဲ့လဲ ပြည့်စုံကြရမယ်။

ရဲဘော်တို့–

ဒို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်ပီပီ နိုင်ငံတော်ပြိုကွဲပျက်စီးမယ့်အရေးကြုံလာတိုင်း နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ခဲ့ရတာဖြစ်တယ်။ ယခုလဲ တပ်မတော်က နိုင်ငံတော်တာဝန်ကိုယူပြီး နိုင်ငံသားတွေရဲ့ ဆန္ဒနဲ့အညီ ခေတ်ပြောင်း၊ စနစ်ပြောင်း တာဝန်ကြီးကို ထမ်းဆောင်နေရတယ်။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထူထောင်ဖို့အတွက် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ ပြည်သူတို့ စားဝတ်နေမှု ဖူလုံစေရေးနဲ့ ပညာတတ်နိုင်ငံဖြစ်ရေး စတဲ့အခြေခံလိုအပ်ချက်တွေကို ဦးတည်ချက်(၁၂)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်။

ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်

နိုင်ငံတော်အေးချမ်းသာယာတည်ငြိမ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်း(၁၇)ဖွဲ့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတယ်။ ဒါကြောင့်လဲ သက်ဆိုင်ရာဒေသတွေမှာ ငြိမ်းချမ်းရေးနဲ့အတူ ဖွံ့ဖြိုးတိုးတက်မှုအသီး အပွင့်တွေကို ခံစားနေကြရပြီဖြစ်တယ်။

ထို့အတူပဲ နိုင်ငံတစ်ဝန်းလုံးမှာ မူခင်းကျဆင်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် အကျင့်ပျက်ဝန်ထမ်းတွေကိုလဲ ပြုပြင်ပေးလျက်ရှိတယ်။ နိုင်ငံတော်ကို တည်ဆဲဥပဒေတွေနဲ့ အုပ်ချုပ်နေတာမို့ နိုင်ငံ့ဝန်ထမ်းဖြစ်စေ၊ သာမန်ပြည်သူ ဖြစ်စေ မည်သူ့ကိုမဆို ပြစ်မှုကျူးလွန်ခဲ့ရင် ဥပဒေအတိုင်းသာ ဆောင်ရွက်လျက်ရှိတယ်။

စီးပွားရေးနဲ့ပတ်သက်လာရင် တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး တစ်နှစ်ထက်တစ်နှစ် တိုးတက်ရေး၊ တစ်ဦးချင်း တစ်နှစ်ဝင်ငွေ မြင့်မားရေးတို့ကို နှစ်တို၊ နှစ်ရှည် စီမံကိန်းတွေ ချမှတ်ပြီး ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့်လဲ တပ်မတော်က နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့ရတဲ့ ၁၉၈၈–၈၉ခုနှစ်မှာ ကျပ် ၁၉၄၀ သာရှိခဲ့တဲ့ တစ်ဦးချင်း တစ်နှစ်ဝင်ငွေဟာ ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိဖြစ်တဲ့ တတိယကာလတို ငါးနှစ်စီမံကိန်းအပြီး ၂၀၀၆ခုနှစ် မတ်လအကုန်မှာ ၂၂၁၂၁၇ ကျပ်အထိ မြင့်မားလာပြီဖြစ်တယ်။

အဆင့်မြင့်မြင့်တည်ဆောက်

စီးပွားရေးအခြေခံအဆောက်အအုံတွေဖြစ်တဲ့ ဆည်မြောင်းတွေ၊ လမ်းတံတားတွေ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွေကို နိုင်ငံတစ်ဝန်းလုံး အစုလိုက်၊ အဖွဲ့လိုက် တည်ဆောက်ပေးခဲ့တယ်။ ထို့အတူပဲ လူမှုရေးအခြေခံအဆောက်အအုံ တွေဖြစ်တဲ့ စာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ ဆေးရုံကြီးတွေကိုလဲ အထူးဒေသကြီး ၂၄ ခုလုံးမှာ အဆင့်မြင့်မြင့် တည်ဆောက်ပေးခဲ့ပြီး ဖြစ်တယ်။ ကမ္ဘာပေါ်မှာ မလွဲမသွေဖြစ်ပေါ်လာမယ့် လောင်စာစွမ်းအင်ချို့တဲ့မှု ပြဿနာကို ဖြေရှင်းဖို့အတွက်လဲ သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေတူးဖော်ခြင်း၊ ဇီဝလောင်စာဆီ ထုတ်လုပ်ရေး ကြိုးပမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိတယ်။

နိုင်ငံသားတို့ရဲ့ စားရေရိက္ခာဖူလုံဖို့အတွက် ဆန်ကို နောင်ဖြစ်ပေါ်လာမယ့် လူဦးရေသန်း ၁၀၀ စားနိုင်သည်အထိ ဆောင်ရွက်ခဲ့ရာမှာ ယခုအခါ တစ်နှစ်ကို စပါးတင်းသန်းပေါင်း ၁၅၀၀ ထွက်ရှိနေပြီဖြစ်လို့ စိတ်ချနေရပြီ ဖြစ်တယ်။ ထပ်မံပြီး တစ်နှစ်ကို စပါးတင်းပေါင်း သန်း ၂၀၀၀ ထွက်ရှိအောင် ဆက်လက်စီမံဆောင်ရွက်လျက်ရှိတယ်။ ထို့အတူပဲ စားသုံးဆီလိုအပ်ချက်အတွက်လဲ တနင်္သာရီတိုင်းမှာ ဆီအုန်း စိုက်ခင်း ဧကေါ်သိန်းကို စီမံကိန်းချမှတ်ပြီး စိုက်ပျိုးစေလျက်ရှိရာမှာ ယခုဆိုရင် ဧကနှစ်သိန်းကျော် စိုက်ပျိုးပြီးဖြစ်တယ်။ ဆီအုန်းခြံတွေက စားအုန်းဆီ စတင်ထုတ်လုပ်နေပြီဖြစ်တယ်။

လက်တွဲကြိုးပမ်းဆောင်ရွက်

တပ်မတော်ဟာ ပြည်သူလူထုရဲ့စားဝတ်နေရေးကိုဖြည့်ဆည်းပေးရင်း တစ်ချိန်တည်းမှာပဲ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပြီးဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးဟာ အောင်မြင်စွာပြီးစီးတော့မှာဖြစ်ကြောင်းပြောကြားလိုတယ်။ ရဲဘော်တို့ဟာ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူနဲ့လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

နိဂုံးအားဖြင့် ပြောကြားရရင် ရဲဘော်တို့ဟာ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မယ့် အမျိုးသားတပ်မတော်အတွက် မျိုးဆက်သစ်တွေဖြစ်တယ်။ ဒါကြောင့်–

- **ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုစိတ်ဓာတ်နဲ့ ကာကွယ်စောင့်ရှောက်ကြပါ။**
- **တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်းအမွေအဖြစ် ဆက်လက်သယ်ပိုး ထမ်းဆောင်ကြပါ။**
- **လက်ရုံးရည်၊ နှလုံးရည်နဲ့ပြည့်စုံတဲ့ မွန်မြတ်သော သူနာပြုများဖြစ်အောင် ကြိုးပမ်းကြပါ။**
- **အခြေခံအရည်အချင်းငါးပါးနဲ့ပြည့်စုံတဲ့ မျိုးချစ်တပ်မတော်သားကောင်းဘဝကို ခံယူကြပါ။**
- **ရောက်ရာဒေသမှာ ပြည်သူ့ကျန်းမာရေးကို ကူညီစောင့်ရှောက်ခြင်းအားဖြင့် ပြည်သူကို အလုပ်အကျွေးပြုကြပါ။**
- **နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူနဲ့အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ကြပါ**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

တပ်မတော်ဟာ ပြည်သူလူထုရဲ့ စားဝတ်နေရေးကို ဖြည့်ဆည်းပေးရင်း တစ်ချိန်တည်းမှာပဲ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးဟာ အောင်မြင်စွာပြီးစီးတော့မှာဖြစ်ကြောင်း ပြောကြားလိုတယ်။ ရဲဘော်တို့ဟာ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူနဲ့လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သင်တန်းတပ်ခွဲများကို စစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စာပေထူးချွန်ဆုရရှိသူ သင်တန်းသား မောင်မောင်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

☆ *ကျော်ဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် ညွှန်ကြားရေးမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးသိုးထိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

သင်တန်းတပ်ခွဲများစစ်ဆေး

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် သင်တန်းတပ်ခွဲများက ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ဆုများချီးမြှင့်

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် သင်တန်းအမှတ်စဉ် (၄)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသားအမှတ် (၈၂၂)သင်တန်းသား မောင်မောင်ဦး၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ သင်တန်းသားအမှတ်(၈၂၃) သင်တန်းသား တက်နေဝင်း၊ စာပေထူးချွန်ဆုရရှိသူ သင်တန်းသား အမှတ်(၈၂၂) သင်တန်းသား မောင်မောင်ဦးတို့အား ဆုများကို အသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက သင်တန်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

(ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ် ချုပ် မှူး ကြီး မောင် အေး သည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

ဩဝါဒစကားပြောကြား

စစ်ရေးပြအခမ်းအနား အပြီးတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် သင်တန်းအမှတ်စဉ် (၄)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသားနှစ်ဦးနှင့် ယင်းတို့၏ မိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂုဏ်ပြုဩဝါဒစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ သင်တန်းသားနှစ်ဦးနှင့် မိဘများအား ဂုဏ်ပြုဩဝါဒစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပဋ္ဌာန်းသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ ဩဝါဒဖြင့် ပဋ္ဌာန်းပစ္စယနိဒ္ဒေသသင်တန်းကို ဇန်နဝါရီ ၆ရက်မှစ၍ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရှစ်ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(ဏ-ပ)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၄) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ တက်ရောက်ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ကထိကဌာနမှူးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း သင်တန်းသားများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဖျော်ဖြေ

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့၊ မြဝတီအငြိမ့်အဖွဲ့နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက အဆိုအကများဖြင့် ဖျော်ဖြေကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြစဉ်။
(သတင်းစဉ်)

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စိတ်ကျန်းမာရေးဆေးရုံ(ရန်ကုန်)၌ စုပေါင်းသန့်ရှင်း

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများပူးပေါင်း၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံ(ရန်ကုန်)၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲ၊ ကြက်ဆူပင်စိုက်ပျိုးပွဲနှင့် ဆေးပဒေသာပင် အလှူငွေပေးအပ်လှူဒါန်းပွဲကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၁ရက် နံနက် ၆နာရီ၄၅မိနစ်က အဆိုပါ ဆေးရုံကြီး၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက်အားပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စိတ်ကျန်းမာရေး ဆေးရုံ (ရန်ကုန်)ဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်ဝင်းက ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်မည့်နေရာများ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် စိတ်ကျန်းမာရေးဆေးရုံ(ရန်ကုန်) ဥပစာ၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့တက်ရောက်၍ သတ်မှတ်နေရာ အသီးသီးတွင် ခြံစည်းရိုးကြက်ဆူပင်များ အမှတ်တရ စိုက်ပျိုးပေးကြပြီး လူနာဆောင်များကို လှည့်လည်ကြည့်ရှုကြကာ ဝေဒနာရှင်များအား ရင်းနှီးစွာ နှုတ်ဆက်အားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော်များသည် ပြည်သူများ စုပေါင်း၍ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းနေမှု၊ အမှိုက်လှဲခြင်း၊ အမှိုက်စွန့်ပစ်ခြင်း တပျော်တပါး ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှု အားပေးကြပြီး စိတ်ကျန်းမာရေးဆေးရုံ (ရန်ကုန်)၌ တက်ရောက်ကုသခံယူနေကြသည့် ဝေဒနာရှင်များအား နံနက်စာကျွေးမွေးနေမှုကို ကြည့်ရှုကြသည်။

ဆက်လက်၍ စိတ်ကျန်းမာရေး ဆေးရုံ(ရန်ကုန်)သို့ အလှူရှင်များက ဆေးပဒေသာပင် အလှူငွေစိုက်ထူပွဲကို အဆိုပါဆေးရုံကြီး အပန်းဖြေခန်းမ၌ ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က စိတ်ကျန်းမာရေးဆေးရုံ (ရန်ကုန်)သို့ ဆေးပဒေသာပင် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဝေဒနာရှင်များအား တစ်နေ့တာ အာဟာရအတွက် လှူဒါန်းငွေကျပ်သုံးသိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လည်းကောင်း၊ ဆေးပဒေသာပင်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းကို ဒေါ်နီလာသော်နှင့် ဒေါ်မြသီဂီတို့က လည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အလှူငွေ ကျပ်နှစ်သိန်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်မိသားစုက ငွေကျပ်တစ်သိန်း၊ Max Myanmar ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဇနီးဒေါ်ဌေးဌေးခိုင်တို့က ငွေကျပ်ငါးသိန်း၊ Ruby Dragon ကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကိုယ်စား တိုင်းအတွင်းရေးမှူး ဦးလှစိုးက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းက ငွေကျပ်သိန်းလေးဆယ်တန်ဖိုးရှိ ဆန်အိတ် ၂၀၀၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ(ငြိမ်း) ဒေါ်သိန်းဆိုင် (မမြတ်လေး) မိသားစုက ငွေကျပ်တစ်သိန်း၊ သီရိသုမဓမ္မ မဏိဇောတဓရ ဦးဇေယျသူရမွန် မိသားစုက ငွေကျပ် သုံးသိန်းအပါအဝင် အလှူရှင် အသီးသီးက ငွေကျပ် ၆၇သိန်း ငါးသောင်းကို ပေးအပ် လှူဒါန်းကြရာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် စိတ်ကျန်းမာရေး ဆေးရုံ(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

မအူပင် အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

နှစ်စဉ် ကျင်းပမြဲဖြစ်သော မအူပင် အထက(၁) အာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ ၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် မအူပင်အထက(၁)ရာပြည့်ခန်းမဆောင်၌ ကျင်းပမည် ဖြစ်သည်။ အသက်(၆၀)နှင့်အထက်အပူဇော်ခံမည့် ဆရာ၊ဆရာမကြီးများနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများတက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ရန်ကုန်မြို့ ဦးမြစိုး ဖုန်း-၀၁-၅၂၇၁၈၂၊ဦးရန်ဝင်း ဖုန်း-၀၁-၂၄၁၉၀၅၊ ဦးထိုက်စီ ဖုန်း-၀၁-၂၉၇၈၁၄၊ဦးထွန်းကြွယ်ဖုန်း-၀၁-၂၅၆၄၆၁၊ ဦးတင်မြင့်ကျော် ဖုန်း-၀၉-၉၀-၄၂၄၆၆၊ မအူပင်မြို့မှ ဦးသိန်းမောင် ဖုန်း-၀၄၅-၃၀၃၈၄၊ ဦးလှမြင့်တင် ဖုန်း-၀၄၅-၃၀၆၆၉၊ ဦးအောင်ထွေး ဖုန်း-၀၄၅-၃၀၃၂၉၊ ဦးကျင်ဝင်း ဖုန်း-၀၄၅-၃၀၆၂၄နှင့် ဦးအေးသိန်း ဖုန်း-၀၄၅-၃၀၈၂၁ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ၃၀ရက်မှ၃၁ရက်အထိ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ကျင်းပရာ ပြိုင်ပွဲအမျိုးအစားလေးမျိုး ကျင်းပခဲ့ပြီး အမျိုးသား(အကြီးတန်း)ပြိုင်ပွဲတွင် ပထမ သက်ကိုကိုလတ် (ပို့ဆောင်ရေး)၊ ဒုတိယ နေအောင်ဝင်း(ကာကွယ်ရေး)၊ တတိယ ဘုန်းငွေစည် (ဆောက်လုပ်ရေး)နှင့် အမျိုးသမီး(အကြီးတန်း)ပြိုင်ပွဲတွင် ပထမ တင်တင်သန်း(ပြည်ထဲရေး)၊ ဒုတိယ ဆွေဆွေဟန်(ကာကွယ်ရေး)၊ တတိယ စုစုခင် (ကာကွယ်ရေး)တို့ရရှိကြသည်။ အမျိုးသား(၄၅)နှစ် အထက်တွင် ပထမ ဇော်နိုင်ဝင်း(လယ်/ဆည်)၊ ဒုတိယ အောင်ခင်(ကာကွယ်ရေး)၊ တတိယ စိန်ဝှက်(လယ်/ဆည်)နှင့် အမျိုးသား(၁၈)နှစ်အောက်တွင် ပထမ သက်ကိုကိုလတ် (ပို့ဆောင်ရေး)၊ ဒုတိယ ရဲအောင်နိုင် (ဆောက်လုပ်ရေး)၊ တတိယ နန္ဒနိုင်(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း) တို့ကရရှိပြီး ဆုရအားကစားသမားများအား မြန်မာနိုင်ငံစားပွဲတင်တင်းနစ် အဖွဲ့ချုပ် ဥက္ကဋ္ဌဦးကျော်ကျော်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်သိန်း၊ အိုလံပစ်ဟိုတယ် အထွေထွေမန်နေဂျာ ဦးသောင်းထိုက်မင်းနှင့်အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦးမိုးဦးထွန်းတို့က ငွေသားဆုနှင့်ဆုတံဆိပ်များချီးမြှင့်ပေးကြသည်။ **(မြန်မာ့အလင်း)**

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၄)၊ အမှတ်(၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂

စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ(၄)၊ အမှတ်(၃)ကို ယနေ့ထုတ်ဝေဖြန့်ချိသည်။ **(ဝဲပုံ)**

အဆိုပါ ဂျာနယ်တွင် သာဂဒိုး၏ အာရုံကြောကိစ္စ၊ အရေပြားကိစ္စတဲ့၊ တေးသံရှင် ကြည်အောင်၏ ပဒေသာမြေမှာ ရှာစို့လား၊ အေးအေးမြင့် (ရန်ကုန်တိုင်း)၏ မပြောမဖြစ်လို့ ပြောရဦးမယ်၊ မေသန္တာဝင်း၏ အသားတိုးကြက်မွေးမြူရေးနှင့် ဈေးကွက်အခြေအနေ၊ ယခုနှစ် ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ဆောင်းခိုငှက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ လက္ခဏာတွေ့ရှိခြင်းမရှိ၊ ငှက်ပျောပင်အကျိုးအမျိုးမျိုး ဖော်ပြထားသည့် ငှက်ပျောပင်စိုက် မိလိုက်ဖပါ၊ ကိုရီးယားမှ အများဆုံးတင်သွင်းသည့် ငါးပုစွန် အစာကုန်ပစ္စည်းများ၊ အီသနောအတွက် ကြံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်၊ တရုတ်နိုင်ငံက အကြိုက်တွေ့နေတဲ့ မြန်မာ့နှမ်းဖြူ၊ နှမ်းနက်၊ နှစ်သစ်တွင် ရွှေဈေးနှုန်းကျဆင်းလာသွေးသန့် သွေးလှူရှင် စုဆောင်းခြင်းအလုပ်ရုံ ဆွေးနွေးပွဲ၊ ဂါလန်တစ်သိန်းဆံ့ ရေပြင်အသက်ကယ်လှေကျင့်ခန်းရေကန်၊ သစ်သီးဝလံတန်ဖိုးမြှင့် အသုံးချနည်းပညာအခြေခံသင်တန်း၊ သတင်းထောက် ခင်မောင်ညွန့်၏ စိတ်ဝင်စားဖွယ်မှုခင်းသတင်းများနှင့်တကွ ပင်လယ်ကွေ့နိုင်ငံများ ပါဝင်လာတဲ့ အဏုမြူစွမ်းအင်ပြိုင်ပွဲ၊ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်၁၇၁၈ကို ရုပ်သိမ်းမှ မိမိရဲ့အဏုမြူ အစီအစဉ်တွေ စွန့်လွှတ်မည့် မြောက်ကိုရီးယား၊ အမေရိကန်စစ်တပ်အရွယ်အစား တိုးချဲ့မည့် ဘုရှ်၊ တောင်အာရှအင်အားချိန်ခွင်ညှာ တစ်ဖက်စောင်းနင်းဖြစ်သွားစေတဲ့ အမေရိကန်က အိန္ဒိယသို့ အရပ်သုံးအဏုမြူဆိုင်ရာနည်းပညာနဲ့ လောင်စာရောင်းချရေးသဘောတူညီမှု အစရှိသည့် မောင်မြား၏ မျက်မှောက်ရေးရာ နိုင်ငံတကာသတင်းများ ပါဝင်သည်။

စိမ်းလဲ့ရွှေပြည် ဝယ်ယူရရှိနိုင်မည့် စာအုပ်ဆိုင်များမှာ ထွန်းဦးစာပေ မန္တလေးမြို့၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ၂၉လမ်း ဆင်တောင်ကြီးစာပေ၊ ၄၆လမ်း မောင်မူဆိုင်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းစာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များဖြစ်ကြပြီး သတင်းနှင့်စာမူများ ပေးပို့လိုလျှင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စိမ်းလဲ့ရွှေပြည်ဂျာနယ် ဖုန်း–၃၈၂၀၇၀ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၆)ကို ယနေ့ ထုတ်ဝေဖြန့်ချိထားသည်။ **(ဝဲပုံ)**

အဆိုပါ ဂျာနယ်တွင် ဒေါက်တာသက်လွင်၏ ငြိမ်းချမ်းရေး၏ရလဒ်၊ မောင်မျိုးချစ်(ပုဂံ)၏ အာရှတိုက်ကို ထိန်းချုပ်မည့် အမေရိကန်တို့၏အကြံ၊ ဖဒိုအောင်ဆန်း၏ ကျွန်တော်နှင့် အဖျက်သမားများ၊ တိုင်းရင်းသားတစ်ဦး၏ ပန်ဝါမြို့မှ ကြိုဆိုပါ၏၊ စိုးသီဟစိုး၏ ကျွန်းအစားထိုး ဖြူဖြူဖွေးဖွေး ရော်ဘာပရိဘောဂပစ္စည်းများ အသုံးတွင်ကျယ်လာ၊ သတင်းထောက် ခင်မောင်မြင့်၏ ဓာတ်အားထိန်းချုပ်ပေးသောဓာတ်အားခွဲ စက်ရုံများ ပေါ်ထွန်းလာပြီ၊ ဆက်နောင်၏ နယ်ချဲ့ဆန့်ကျင်ရေး မြန်မာ့တော်ဝင်တိုက်လှေအစင်း ၁၀၀ စသည့် ဆောင်းပါးများအပြင် မြန်မာ့အိုင်တီလောက တစ်ခေတ်ပြောင်းမည့် ရတနာပုံမြို့သစ်၊ လျှပ်စစ်ဓာတ်အား အများဆုံး ထုတ်လုပ်နိုင်တော့မည့် ထမံသီ ရေအားလျှပ်စစ်စီမံကိန်း၊ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုလက်ရှိအခြေအနေ၊ တစ်နေ့ ၁၂နာရီအထိ နယ်မြေသုံးခုခွဲ၍ လျှပ်စစ်ဓာတ်အားပေးမည်၊ ရွှေလီရေအားလျှပ်စစ် စီမံကိန်းသုံးခု အချိန်မီပြီးရေးကြိုးပမ်း၊ အင်းအိုင်အသစ်များနှင့် တိမ်ကောအင်းများဖော်ထုတ်မည်၊ မြန်မာပြည်မြောက်ဖျား ထင်းရှူးတောများ မလေးရှားကုမ္ပဏီများ စိတ်ဝင်စား၊ ၂၀၀၆ခုနှစ်တွင် ယာဉ်မတော်တဆမှု အနည်းငယ်တိုးပွားလာ၊ ယနေ့ မိတ္ထီလာစက်မှုဇုန်မှလုပ်ငန်းများ၊ ကုလသမဂ္ဂ၏ ပင်မဒေါက်တိုင်သုံးရပ်၊ အထွေထွေအတွင်းရေးမှူးချုပ်သစ်အတွက် ထမ်းဆောင်ရမည့် အဓိကတာဝန်များ၊ ကျူးဘားနှင့် တွေ့ဆုံဆွေးနွေးရန် အမေရိကန်နိုင်ငံရေးသမားများ တိုက်တွန်း၊ တရုတ်နိုင်ငံအတွက် နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ပေးမှုအပေါ် အမေရိကန်တို့ စိုးရိမ်နေခြင်းစသည့် ပြည်တွင်းပြည်ပသတင်းများ၊ ဓာတ်ပုံများ ဝေဝေဆာဆာပါရှိသည်။

ရွှေနိုင်ငံဂျာနယ် ဝယ်ယူရရှိနိုင်မည့်ဆိုင်များမှာ မန္တလေးမြို့ ထွန်းဦးစာပေ၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ၂၉လမ်း ဆင်တောင်ကြီးစာပေ၊ ၄၆ လမ်း မောင်မူဆိုင်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းစာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်ပြီး သတင်းနှင့်စာမူများ ပေးပို့လိုလျှင် အမှတ်(၂၂၈) သိမ်ဖြူလမ်း ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရွှေနိုင်ငံဂျာနယ် ဖုန်း–၃၈၂၀၇၀ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးကျောင်းတိုက် (မြိတ်ကျောင်း) အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက်၊ လွတ်လပ်ရေး ကျောင်း တိုက် (မြိတ် ကျောင်း)၌ ဇန်နဝါရီ ၄ရက်မှ ၈ရက်အထိ ငါးရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်မည်ဖြစ်ရာ ရန်ကုန်မြို့ မြိတ်သူ၊ မြိတ်သားများ အဘိဓမ္မာပြန့်ပွားရေးအသင်းက နှီးဆော်ထားကြောင်း သိရသည်။

(က–ပ)

တရုတ်–မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးရှေးရှု တရုတ်နိုင်ငံသား အကျဉ်းသားများအား လွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂

တရုတ်–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မေတ္တာရပ်ခံချက်အရ တရုတ်နိုင်ငံသား အကျဉ်းသား၃၀နှင့် အကျဉ်းသူတစ်ဦးတို့အား အမှုဖြင့် လွှဲပြောင်းပေးအပ်ခြင်းကို နှစ်နိုင်ငံရဲတပ်ဖွဲ့ချင်း လက်မှတ်ရေးထိုး၍လည်းကောင်း၊ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)အရ ကျခံရန်ကျန်ကာလများအား လျှော့ပေါ့လွတ်ငြိမ်းသက်သာခွင့်ပြုပြီး ပြစ်ဒဏ်မှရပ်စဲပေးထားသော တရုတ်နိုင်ငံသား အချုပ်သားနှစ်ဦးကို လျှော့ရက်စည်းမျဉ်း၊ စနစ်အရ နှစ်နိုင်ငံလူဝင်မှုကြီးကြပ်ရေးအဖွဲ့ အချင်းချင်း လက်မှတ်ရေးထိုး၍လည်းကောင်း၊ ၂၀၀၆ခုနှစ် ဒီဇင်ဘာ၃၀ရက် နံနက် ၁၁နာရီ ၃၅မိနစ်တွင် မူဆယ်မြို့နယ် ကြယ်ဂေါင်နယ်စပ်ဂိတ်၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

လွှဲပြောင်းပေးအပ်

နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ ယခင် ၂၀၀၆ခုနှစ် မေ ၂၇ရက်တွင် တရုတ်နိုင်ငံသား အကျဉ်းသား၊ အကျဉ်းသူ ၈၆ဦးကိုလည်းကောင်း၊ ဇွန် ၇ ရက်တွင် ၉၆ဦးကိုလည်းကောင်း၊ ဇွန် ၁၇ရက်တွင် ၄၂၇ ဦးကိုလည်းကောင်း၊ ဩဂုတ် ၁၆ရက်တွင် ၆၉ ဦးကိုလည်းကောင်း စုစုပေါင်း တရုတ်နိုင်ငံသား အကျဉ်းသား၊ အကျဉ်းသူ ၆၇၈ဦးတို့ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံအကျိုး၊ အသင်းအကျိုးနှင့် မိမိအကျိုး မျှမျှတတကြိုးပမ်းဆောင်ရွက် အဖျက်အမှောင့်လုပ်ငန်းများကို တားဆီးကာကွယ်

ရန်ကုန် ဇန်နဝါရီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နယ်မြေတာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့မှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် စည်းရုံးရေးမှူးများအား ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ တွေ့ဆုံမှာကြားသည်။ **(အပေါ်ပုံ)**

တင်ပြ

ရှေးဦးစွာ ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများက မြို့နယ်အလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် စည်းရုံးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများကို တင်ပြကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဗဟိုအတွင်းရေးမှူး နယ်မြေတာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အသင်းဝင်များအနေဖြင့် နိုင်ငံအကျိုး၊ အသင်းအကျိုးနှင့် မိမိအကျိုးတို့ကို အတ္တပရမျှမျှတတ ကြိုးပမ်းဆောင်ရွက်ကြရန်၊ စည်းရုံးရေးမှူးများ အနေဖြင့် စည်းရုံးရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နွေရာသီသင်တန်းများ ဖွင့်လှစ်ရေးတို့တွင် အမြင်ရှိရှိဖြင့် ထိထိရောက်ရောက်ဆောင်ရွက်ကြရန်နှင့် ယနေ့နိုင်ငံတော်၏ ပကတိအခြေအနေ၊ ပြည်တွင်း၊ ပြည်ပဆန့်ကျင်ဘက် အဖွဲ့အစည်းများ၏ အခြေအနေ၊ ပြည်သူများ၏ သဘောထားအခြေအနေ၊ နိုင်ငံတော်၏ ဆောင်ရွက်နေမှုအခြေအနေများနှင့် အသင်းသား အသင်းသူများ ဆောင်ရွက်သင့်သည်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး စည်းရုံးရေးအမြင်ဖြင့် စည်းရုံးကြပြီး အဖျက်အမှောင့်လုပ်ငန်းများကို တားဆီးကာကွယ်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက စည်းရုံးရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ် ၂၂၀၀၀၀ နှင့် မင်္ဂလာတောင်ညွန့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ် ၂၇၀၀၀၀ တို့ကို ပေးအပ်ရာ မြို့နယ်အသင်း အတွင်းရေးမှူးများက လက်ခံကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အထက(၃)မင်္ဂလာတောင်ညွန့်(စိန်ဂျိုးဇက်ကွန်ဗင့်) ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

အထက(၃)မင်္ဂလာတောင်ညွန့် (စိန်ဂျိုးဇက်ကွန်ဗင့်)ကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော မြတ်ဆရာ၊ ဆရာမကြီးများအား ရိုသေလေးမြတ်စွာ ပူဇော်ကန်တော့လိုပါ၍ မပျက်မကွက် အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းနေဖက် ငယ်ပေါင်းသူငယ်ချင်းများ ကြည်နူးပီတိဖြစ်ဖွယ်ရာ တစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံကုသိုလ်ယူပွဲသို့ ကြွရောက်ကြပါရန် ကြိုတင်ဖိတ်ကြားနိုးဆော်အပ်ပါသည်။

နေ့ရက် – ၄–၁–၂၀၀၇ရက် (လွတ်လပ်ရေးနေ့)
အချိန် – နံနက် ၉း၀၀ နာရီ
နေရာ – ယုဇနခန်းမ၊ အထက(၃)၊ မင်္ဂလာတောင်ညွန့်။

၁၉၇၄–၁၉၇၈ **ရန်ကုန်စီးပွားရေးတက္ကသိုလ်** ကျောင်းသူ၊ ကျောင်းသားဟောင်းများ ဘွဲ့ရ နှစ်(၃၀)ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပနိုင်ရန် ကြိုတင်ညှိနှိုင်းညစာစားပွဲကို ၁၃–၁–၂၀၀၇ရက်တွင် မန္တလေးမြို့ Oriental House၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်ကြပါရန်။

၁။ ဒေါ်စမ်းစမ်းအေး ဖုန်း–၀၁–၅၄၈၆၆၄
၂။ ဒေါ်ခင်ညွန့်ရီ ဖုန်း–၀၂–၃၃၉၁၃
၃။ ဦးကြူးစိန် ဖုန်း–၀၂–၈၉၄၄၆၊ ၀၂–၈၉၄၄၉
၄။ ဦးကျော်ကျော်အုန်း ဖုန်း–၀၂–၈၉၆၅၈၊ ၀၂–၈၅၅၀
၅။ ဦးရဲအောင် ဖုန်း–၀၅၄–၂၁၅၂၅။

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လပွတ္တာမြို့ မြတ်ဆရာပူဇော်ပွဲ

လပွတ္တာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၅၀ပြည့်နှစ်မှ ၁၉၈၅ခုနှစ်ကာလအတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက် ၆၀နှင့်အထက် အငြိမ်းစားကျောင်းအုပ်ဆရာကြီးများ၊ အငြိမ်းစား ဆရာ ဆရာမများနှင့် အသက် ၇၀နှင့်အထက် မူလတန်းကျောင်းအုပ်ဆရာကြီးများအား မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများအားလုံး တက်ရောက်နိုင်ကြရန် ဖိတ်ကြားအပ်ပါသည်။ ကန်တော့ပစ္စည်းနှင့် ငွေများကိုလည်း ဆက်သွယ်ပေးပို့နိုင်ပါသည်။

ကျင်းပမည့်နေ့ရက် – ၂၁–၁–၂၀၀၇ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် – ညနေ ၃ နာရီ
ကျင်းပမည့်နေရာ – အထက(၁)၊ လပွတ္တာ

ဆရာ ဆရာမများခင်ဗျား၊ ဖိတ်စာအချိန်မီမရရှိပါကလည်း ၂၀–၁–၂၀၀၇ရက် (စနေနေ့) အရောက် လပွတ္တာ အထက(၁)သို့ ကန်တော့ခံကြွရောက်ပါရန် ပန်ကြားအပ်ပါသည်။
ဖော်ပြပါ ဖုန်းများသို့ ဆက်သွယ်နိုင်ပါသည်။
၁။ ဦးလှသိန်း ဖုန်း–၀၄၂–၈၀၄၉၁၊ ၈၀၄၉၂
၂။ ဦးတင်ဝင်း ဖုန်း–၀၄၂–၈၀၃၈၀
၃။ ဦးသိန်းငွေ ဖုန်း–၀၄၂–၈၀၄၂၁
၄။ ဦးခင်မောင်လေး(ဝါဝါး) ဖုန်း–၀၉–၅၁–၅၅၃၉၉
၅။ ဒေါက်တာထွန်းထွန်းလှိုင် ဖုန်း–၀၉–၅၁–၅၄၇၈၇
၆။ ဦးတင်လတ်(လပွတ္တာမြို့နယ်အသင်းတိုက်) ဖုန်း–၀၁–၂၂၂၀၈၈

ကျင်းပရေးကော်မတီ။

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြောက်၊ အထက(၃) Grade-9 (E)မှ မခိုင်သဇင်၏ဖခင်အမည်မှန်မှာ ဦးစောနေဝင်း အစား ဦးနေဝင်း ၁၂/ဥကမ(နိုင်)၁၉၉၂၈၇ ဖြစ်ပါကြောင်း။ **ဦးနေဝင်း ၁၂/ဥကမ(နိုင်)၁၉၉၂၈၇။**

ကျေးဇူးဆပ်ပါမည်

ကျွန်မပိုင်ယာဉ်အမှတ် န/၅၅၈၏ အခွန်စိစစ်ပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါ။
ဒေါ်ခွေးမ CB–၀၀၃၈၇၆
၁၃၁၊ ၁၈လမ်း၊ (၂)ရပ်ကွက်၊
လသာမြို့နယ်။



အမည်ပြောင်း

မြင်းခြံမြို့နေ အဖ ဦးကျော်ညွန့်၏သား မောင်မျိုးကျော်အောင် ဆင္ဘမတန်း(B) အထက(၁)မြင်းခြံအား ယနေ့မှစ၍ မောင်မျိုးကျော်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မျိုးကျော်ကျော်။**



မီးသုံးခွဲလျှင် အသိယှဉ်
အစဉ်သတိ အမြဲရှိ

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၇ ခုနှစ် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းရှိ Hanthawaddy Golf and Country Club၌ ကျင်းပရာ Professional Golfer ဇော်ဇော်လတ် (Point)နှင့် Amateur Golferဘိုဘိုတို့ ဖွင့်ပွဲနေ့ပြိုင်ပွဲတွင်ဦးဆောင်ကစားလျက်ရှိသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများသည် တီခုံအမှတ်(၁၀)၌ နေရာယူကြပြီး မြန်မာပီဂျီအေနှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း) **(ယာပုံ)** နှင့် Hanthawaddy Golf and Country Clubဒါရိုက်တာ ဒုတိယ ဗိုလ်မှူးကြီးလေးမြင့်(ငြိမ်း)တို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfer's ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Point)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့် (KM Golf Centre)က ၇၂ ချက်ဖြင့် ဒုတိယလိုက်ပြီး သန်းနိုင် (Srixon)၊ အေးလွင် (Srixon)နှင့် စိုးကျော်နိုင်(Srixon)တို့က ၇၃ ချက်စီဖြင့် တတိယလိုက်နေကြသည်။

ဘိုဘို

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ဘိုဘိုက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိကာ အောင်ဝင်းက ၇၃ ချက်ဖြင့်ဒုတိယ၊ ထွန်းထွန်းနှင့် ထွန်းထွန်း(Honima)တို့က ၇၄ ချက်စီဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲတွင် KM Golf Centre, Srixon, Point Golf Shop, Yamato Golf Shop, Grand Royal Special Reserve Whisky, Imperial Jade Purified Drinking Water, Golf World Trophy and Golf Accessories တို့က အသီးသီး ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Managementက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ၃ရက် ယနေ့နံနက် ၈ နာရီတွင် ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား (၁၀၂)နှစ်ပြည့် (၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီက သန္တိသုခဓမ္မာရုံကြီးတွင်ကျင်းပသည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် ဇန်နဝါရီ ၁၆ရက်မှ ၂၀ရက်အထိ ညစဉ် ၇နာရီမှစ၍ တရားပွဲများ၊ မွန်းလွဲပိုင်းတွင် ခြင်းလုံးအလှခတ်ပွဲများ၊ ဇန်နဝါရီ ၁၉ရက် မွန်းလွဲပိုင်းတွင် အလှခတ်ဆုပေးပွဲပြုလုပ်ပြီး ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်အထိ ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများကြီးမှူး၍ ပဋ္ဌာနဘာဏက သံဃာတော်များက အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ကြပြီး အောင်ပွဲသိမ်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၂၈ရက် ညနေ ၃နာရီတွင် ဘုရားအမှူးပြုသည့် သံဃာတော်အပါး ၉၀တို့အား ရင်ပြင်တော်ပေါ်တွင် လောင်းလှူကြမည်ဖြစ်ရာ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၂၉)**

တရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂

အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက်လုံးဆိုင်ရာ ဝါတွင်းဆွမ်းလောင်းအဖွဲ့၏(၁၁)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲအဖြစ် ဇန်နဝါရီ ၄ ရက်တွင် ဆရာတော် ဘဒ္ဒန္တမာလာစာရ (ဓမ္မာစရိယ)၊ ၅ရက်၌ ဆရာတော် ဘဒ္ဒန္တတေဇဝန္တ (ဂန္ထဝါစကပဏ္ဍိတ)နှင့် ၆ရက်တွင် ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒတို့က တရားတော်များဟောကြားမည်ဖြစ်ရာ ပေါက်တောရပ်ကွက် ရတနာလမ်း တရားမဏ္ဍပ်၌ ညစဉ် ၇နာရီ၌ တရားတော်နာယူနိုင်ကြောင်း သိရသည်။

(က–ပ)

ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရား နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၉

မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားကြီး၏ (၉၉)ကြိမ်မြောက် ဝိဇာတဘုရားပွဲတော်၊ (၂၇)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပဋ္ဌမအကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၆ရက် ညနေ၃နာရီခွဲက ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားရှေ့ မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးဌေးအောင်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအပြီးတွင် နှစ်ကျိပ်ရှစ်ဆူဘုရားများအား မော်လမြိုင်ကျွန်းမြို့တစ်ပတ် လှည့်လည်အပူဇော်ခံကြသည်။ လာမည့်နှစ်တွင် ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားကြီး၏ နှစ်(၁၀၀)ပြည့် ဝိဇာတဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (၀၉၇)

ရောဝတီတိုင်း ဟသာ်တ ခရိုင် အင်္ဂပူ မြို့နယ် ညောင်ကျိုး ဒေသ အခြေခံ ပညာ အလယ် တန်း ကျောင်း(ခွဲ) သဒ္ဓမ္မကျွန်း ကျောင်း ဖွင့်ပွဲ နှင့် ကျောင်းဆောင် သစ် လွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၅ရက်က အဆိုပါ ကျောင်းရှေ့၌ ကျင်းပရာ ရောဝတီတိုင်းပညာရေးမှူးဦးခင်မောင်ရီနှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးအုန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ပညာရေး)

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ၄ရက်က အင်ဂျင်နီယာမှူး ဦးစိုးနိုင် ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ခင်မာလာကလုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းဆင်း

ယင်းမာပင် ဒီဇင်ဘာ ၁၅

ယင်းမာပင်မြို့နယ် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်း အမှတ်စဉ် (၃/၂၀၀၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ၈ရက် ညနေ ၄နာရီက အဆိုပါသင်တန်းခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် တိုင်းအတွင်းရေးမှူး ဦးဝင်းကြည်က သင်တန်းဆင်း အမှာစကားပြောကြားပြီး တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက ဆုရရှိသည့် သင်တန်းသူများအား ဆုချီးမြှင့်သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးမြင့်အေးက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

ရွှေပြည်သာပန်းဥယျာဉ် သာယာရေးဆောင်ရွက်

ရွှေတောင် ဒီဇင်ဘာ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း)ရွှေတောင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီး မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၉ရက်က ရွှေတောင်မြို့ သရက်တောရပ်ကွက် ပြည်-ရန်ကုန်အဝေးပြေးလမ်းမကြီးဘေးရှိ ရွှေပြည်သာပန်းဥယျာဉ် သာယာလှပရေး လုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး ကြီးကြပ်ဆောင်ရွက်ပေးသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကမ်းနားလမ်း ကျောက်ချောခင်း

မိုင်းယု ဒီဇင်ဘာ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးသည် ဒီဇင်ဘာ၈ရက်က မိုင်းယုမြို့တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ကမ်းနားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ်စည်ပင်)

တောင်သာမြို့နယ် ဆင်ဖြူကျေးရွာ အလှူရှင်လှူဒါန်းငွေဖြင့် စက်ရေတွင်း တူးဖော်ရန် စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ဦးစီးအရာရှိ ဦးကျော်အေးနှင့်အဖွဲ့ နိုဝင်ဘာ၃၀ရက်က မြေအောက်ရေ စမ်းသပ်ခြင်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်အေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိတ္ထီလာခရိုင် ကျန်းမာရေးမှူးအသင်းခွဲ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း မိတ္ထီလာခရိုင်အသင်းခွဲ၏ ပထမအကြိမ် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကို ဒီဇင်ဘာ ၉ရက် နံနက်က မိတ္ထီလာဆေးရုံကြီး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ ခရိုင်အသင်းခွဲနာယက ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင်အသင်းခွဲ အလုပ်အမှုဆောင်၏ ၂၀၀၆ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကို အသင်းဥက္ကဋ္ဌဦးအုန်းမောင်က ဖတ်ကြားတင်သွင်းသည်။

ဆွေးနွေး

ထို့နောက် ခရိုင်အသင်းခွဲ အလုပ်အမှုဆောင် အစီရင်ခံစာကို မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်နှင့် သာစည် လေးမြို့နယ်မှ အသင်းဝင်များက အကြံပြုဆွေးနွေးကြသည်။ (၄၁၄)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးသင်တန်းဖွင့်

ငပုတော ဒီဇင်ဘာ ၁၅

ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ သင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲကို ဒီဇင်ဘာ၉ရက် နံနက်၈နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဌေးကျော်၊ ပုသိမ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ကိုကိုကြီးတို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ဦးစီးအရာရှိ ဒေါက်တာစိုးသိမ်းက ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအကြောင်း ဆွေးနွေးပို့ချသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ကလေးမြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မှတ်ပုံတင်ထားသောတည်းခိုခန်းများစည်းကမ်းနှင့်အညီ ဖွင့်လှစ်ခြင်းရှိ၊ မရှိကို ဒုတိယဦးစီးမှူး (အခွန်) ဒေါ်ဖြူဝါသင်းနှင့်အဖွဲ့ ဒီဇင်ဘာ ၂ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။ (၄၁၇)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
ပြာသိုလပြည့်ကျော် ၂ ရက်
၄-၁-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၆း၃၀	**လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား တိုက်ရိုက်အသံလွှင့်ခြင်း**

နေ့လယ်ပိုင်း

၀၉း၃၀	ဟောပြောချက် (ခိုင်မြဲတဲ့ ဒို့လွတ်လပ်ရေး)
၁၁း၁၅	စက်မှုစွမ်းအား ခေတ်ကျော်လွှား (Myanmar Asia Plastic စက်ရုံ၏ ISO 9001: 2000 ရရှိမှုအကြောင်း)
၁၁း၃၅	စာအုပ်စာပေလူ့မိတ်ဆွေ (၁) အချစ်နှင့် ဝိပဿနာ (ရဝေနွယ်-အင်းမ) (၂) အမွေခံထိုက်စေ အမျိုးသားစာပေနှင့် အခြားဆောင်းပါးများ (မိုးထက်မြင့်-မြစ်ဝကျွန်းပေါ်)
၁၂း၀၀	သိပ္ပံပညာသိကောင်းစရာ (သဘာဝကုထုံးမိတ်ဆက်-မောင်ဆုရှင်)
၁၂း၃၀	အစာနှင့် အာဟာရ (သကြားသီးနှင့် ကတွတ်သီး)

ညနေပိုင်း

၁၆း၃၀	နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၁၅	ထူးဆန်းထွေလာ သတင်းပဒေသာ
၁၈း၂၅	သံစဉ်တေးသွား မေတ္တာစကား (၁) မေတ္တာနုနု စေလိုသူ (ထား) (၂) မေတ္တာနုနုစေလာရင်ကွယ် (မောင်မောင်ကြီး)
၁၈း၄၅	အင်္ဂလိပ်စကား ပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅	ဇာတ်လမ်းပမာနားဆင်စရာ (အလှဆုံးအိမ်)
၁၉း၃၅	ခေတ်မရွေးသော တေးများ (၁) အသီးတစ်ရာ အညှာတစ်ခု (တွံတေးသိန်းတန်) (၂) သူရကန် အရောင်မှိတ်သော်လည်း (မေလှမြိုင်) (၃) မြန်မာ့ရှုခင်း မြန်မာ့စိတ်ရင်း (ဝင်းဦး) (၄) ဒိုးကလေး (ညွှန့်ညွှန့်စိန်)
၂၀း၃၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) တဝဲဝဲလည် (ညွှန့်ဝင်း) (၂) တမ်းတသူ လွမ်းရင်မော (တက္ကသိုလ်နီနီမာ) (၃) စိမ်းပါဘိ အရိပ်သခင် (ရေနံ့သာစိုးလှိုင်)

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် နတ်မောက်နွယ်ဖွား သက်ကြီးဆရာတော်များ၊ နိုင်ငံတော်ဘွဲ့တံဆိပ်ရ ဆရာတော်များနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်က ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ သာစုပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဆန်စကရစ်တက္ကသိုလ်မှ Ph.Dဘွဲ့ရ ဒေါက်တာ အရှင်ဝါယမအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး ဟိုပင်မြို့၌ကျင်းပ

ဟိုပင် ဒီဇင်ဘာ ၁၂

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက် ၁၀နာရီက ဟိုပင်မြို့ တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်အထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်မြို့ မြောက် ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် မေဓာဝီလမ်း အမှတ် (၅၂)နေ ဒေါ်တင်ကြည် (၇၃) နှစ် မြောက် မွေးနေ့ အလှူ အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုး၍ ခြောက်ထပ်ကျောင်း တော် ကြီး

အတွက် အလှူတော်ငွေ ကျပ် နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်တံတားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ နှစ်လည်စည်းဝေး၊ သက်ကြီးပူဇော်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးနှင့် အသက်(၇၅)နှစ်အထက် စာပေပညာရှင်များအား ကန်တော့ပွဲကို ဒီဇင်ဘာ ၃၀ရက်က အထက ကျောက်တံတားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သက်ကြီး စာပေပညာရှင် ကိုးဦးတို့အား ကန်တော့ငွေ သုံးသောင်းနှင့် လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြပြီး **(အောက်ပုံ)** နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပရာ သဘာပတိအဖြစ် ဥက္ကဋ္ဌဦးကျော်စိန်က လည်းကောင်း၊ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးဘဝေက လည်းကောင်း ဆောင်ရွက်၍ နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုကြသည်။

ထို့နောက် စာပေဆုများ ရရှိခဲ့ကြသော စာပေအဖွဲ့ဝင် ဂုဏ်ထူးဦးသိန်းနိုင်၊ သိပ္ပံစိုးမြင့်နိုင်၊ ဦးအောင်စိုးတို့အား ဂုဏ်ပြုအမှတ်တရပစ္စည်းများ ချီးမြှင့်ပြီး ကန်တော့ပွဲအတွက် လှူဒါန်းသော အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ **(မြို့နယ်စာနယ်ဇင်းအဖွဲ့)**

သီးနှံစပါး ပြည့်အင်အား တားဆီးကာကွယ် မီးအန္တရာယ်

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် တံတားမြို့ စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ထားသော ကတ္တရာလမ်းများနှင့် မြို့သာယာလှပရေး လုပ်ငန်းများကို ဒီဇင်ဘာ ၈ရက်က စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး(အင်/ယာ) ဒေါ်ကြူကြူခင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်ကျောင်းသားများ ပညာရည်မြင့်မားရေးအတွက် စေတနာညကျောင်းဖွင့်

ဒိုက်ဦး ဒီဇင်ဘာ ၂၀

ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပညာရေးဌာနတို့ ပူးပေါင်း၍ ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြင်ပမှဝင်ရောက်ဖြေဆိုမည့် ကျောင်းသားများ အောင်ချက်မြင့်မားရေးအတွက် စေတနာညကျောင်းဖွင့်ပွဲကို ဒီဇင်ဘာ ၄ရက် ညနေ ၆နာရီက အလက ဒိုက်ဦးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတောရယ်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင့်နိုင်က အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်မှုနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ရီရီညွှန့်က စေတနာညကျောင်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စေတနာညကျောင်း ဖွင့်လှစ်နိုင်ရန်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် စေတနာရှင်များက အလှူငွေကျပ် ၁၆၃၀၀၀ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရွှေသူဌေးလမ်း အမှတ် ၃၆/၄၅၈နေ ဦးထွန်းညွှာဏ်-ဒေါ်စောရီမိသားစုက ဒေါ်စောရီမွေးနေ့အတွက် ထာဝရဆေးငွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အရန်သားဖွားဆရာမ သင်တန်း မှော်ဘီမြို့၌ဖွင့်

မှော်ဘီ ဒီဇင်ဘာ ၂၆

မှော်ဘီမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကိုယ့်အားကိုယ်ကိုး အရန်သားဖွားဆရာမ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ရက်က မြို့နယ်ပြည်သူ့ဆေးရုံတွင် ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်စိုးက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ဆရာဝန် ဒေါက်တာ ဒေါ်ခင်ခင်ရီက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ဒီဇင်ဘာ ၂၀ရက်မှ ၂၀၀၇ ခုနှစ် ဇွန် ၁၉ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ငူမြို့နယ် ပိုလ်မှူးဖိုးကွန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်း

တောင်ငူ ဒီဇင်ဘာ ၂၃

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဗိုလ်မှူးဖိုးကွန်းလမ်း အရှည်ပေ ၂၈၅၀နှင့် အကျယ် ၁၂ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၅ရက်က ဆောင်ရွက်ရာ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် အင်ဂျင်နီယာမှူး ဦးဌေးညွန့်တို့ ကြီးကြပ်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မြကန်သာ ၂ လမ်း အမှတ် ၁၀(အေ)နေ ဒေါ်သန်းသန်းအားရည်စူး၍ ဦးကိုကိုကြီး၊သမီး ဒေါက်တာရီရီမြင့်၊ ဒေါက်တာ ဖြူဖြူမြင့်နှင့် သား ကိုမြင့်သန်း မိသားစုတို့က ရေဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေစေတီရံ တစ်ဆူအတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ရွှေဟသ်ာအရှေ့ပေါက် ကတ္တရာလမ်းသစ်ဖွင့်

ပြည် ဇန်နဝါရီ ၁

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ရွှေဟသ်ာအရှေ့ပေါက်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက် ၈နာရီက ရွှေဟသ်ာအရှေ့ပေါက် ကတ္တရာလမ်းသစ် မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းပြောကြားပြီး အထိမ်းအမှတ်အလံငယ်များ ပေးအပ်ကြသည်။

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ ရွှေဟသ်ာအရှေ့ပေါက်လမ်း ကတ္တရာလမ်းသစ်သည် အရှည် ပေ ၁၆၅၀၊ အကျယ် ၁၂ပေရှိပြီး ဂန္ဓမာစက်မှုဇုန်နှင့် ဗိုလ်ချုပ်လမ်း ဆက်သွယ်သော လမ်းဖြစ်သဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက် ချောမွေ့စေရေးကို အထောက်အကူဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ပဲခူးတိုင်း ညောင်လေးပင်မြို့ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း၌ စင်္ကြံလမ်းများ တည်ဆောက်လျက်ရှိရာ ညောင်လေးပင်မြို့ ဗိုလ်ချုပ်လမ်းနေ ဦးမြဦး-ဒေါ်နွဲ့ (ရွှေပန်းထိမ်)မိသားစုတို့က တစ်ခန်းအတွက် အလှူငွေကျပ်နှစ်သိန်းကို ဆရာတော် ဦးစန္ဒာဝရထံ ဆက်ကပ်လှူဒါန်းစဉ်။ (၁၃၄)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး လုပ်ငန်းများဆောင်ရွက်

လက်ပံတန်း ဒီဇင်ဘာ ၂၆

သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် လက်ပံတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းရီနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၂၀ရက်က လက်ပံတန်းမြို့နယ် ပျဉ်းကတိုးကုန်ကျေးရွာအုပ်စု ဦးရွှေနှစ်အစုကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်နှင့် ကွမ်းသီးတပင်ကျေးရွာအုပ်စု စာနီစုကျေးရွာ တက်လမ်းစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဆွေးနွေး

ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့်အဖွဲ့သည် ဦးရွှေနှစ် အစုကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက် နာယက ဆရာတော်ဦးအာစိဏ္ဏနှင့် ကျေးရွာဥက္ကဋ္ဌ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်လည်းကောင်း၊ စာနီစုကျေးရွာရှိ တက်လမ်းစာကြည့်တိုက် ကော်မတီဝင်များ၊ ကျေးရွာဥက္ကဋ္ဌများနှင့် လည်းကောင်းတွေ့ဆုံ၍ စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ စာအုပ်ထိန်းသိမ်းနည်းစနစ်များ၊ စာအုပ်များတိုးပွားရရှိရေးနှင့် စာဖတ်သူဦးရေ များပြားစေရန် စည်းရုံးဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စာကြည့်တိုက်ကော်မတီဝင်များက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးတင်ပြကြရာ ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသမီးရေးရာအဖွဲ့ ဗန်းမောက်၌ ပညာပေးဟောပြော

ဗန်းမောက် ဒီဇင်ဘာ ၂၀

စစ်ကိုင်းတိုင်း ဗန်းမောက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ပညာပေး ဟောပြောပွဲနှင့် အဖွဲ့ဝင် အသိအမှတ်ပြုကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ရက် မွန်းလွဲ၂နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်မြမြငွေးက အမျိုးသမီးရေးရာအဖွဲ့၏ ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေလွင်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) ထူးချွန်သူများဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၁

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) ၏ အကြိမ်(၄၀)ပြည့် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် နိုင်ငံတော်အဆင့်စာပေ၊ အနုပညာ ထူးချွန်သူများ၊ ထူးချွန်ကျောင်းသူ ကျောင်းသားများနှင့် အလှူရှင်များ ဂုဏ်ပြုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၃၀ရက် မွန်းလွဲ ၂နာရီက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ် အသင်း (ရန်ကုန်) အသင်းဥက္ကဋ္ဌ ဦးစိန်သန်းက အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးခင်မောင်လတ်က လည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးခင်ဦးကလည်းကောင်း၊ နာယကများနှင့် အမှုဆောင်သစ်စာရင်းကို ဒုတိယဥက္ကဋ္ဌ ဦးသန်းလှိုင်ကလည်းကောင်း အသီးသီး တင်သွင်းကြရာ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဆန်းနိုင်က အတည်ပြုချက်ရယူသည်။

ဂုဏ်ပြုလွှာချီးမြှင့်

ထို့နောက် တာဝန်ရှိသူများက နိုင်ငံတော်အဆင့် စာပေထူးချွန်ဆုရ ဦးသန်းညွှန့်(ဇင်မင်း သမိန်ထော) နှင့် သတင်းထောက် သောင်းညွှန့်(ဖျာပုံ) **(အပေါ်ပုံ)** တို့အား လည်းကောင်း၊ ထူးချွန်အနုပညာရှင်များအား လည်းကောင်း၊ တက္ကသိုလ်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ အလှူရှင်များအားလည်းကောင်း ဂုဏ်ပြုဆုများနှင့်ဂုဏ်ပြုလွှာ ချီးမြှင့် ပေးအပ်ကြသည်။ **(က-ပ)**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း ရှင်းလင်း စာစီစာကုံး၊ ပန်းချီနှင့် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

မူဆယ် ဒီဇင်ဘာ ၁၈

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၂ရက် နံနက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်ရွှေက ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ခုခံအားကျဆင်းမှုရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဒယ်နီက ရောဂါကာကွယ်တားဆီး တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြည်တွင်း ပြည်ပ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲတို့တွင် ဆုရသူများအား ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအေးမင်းနိုင်နှင့် ဝန်ထမ်းများ ပလိပ်-မြွေဘုရားမြောက်မြေ ကျောက်ချောလမ်းခင်းခြင်းပြီးစီးမှုကို ဒီဇင်ဘာ၃၁ရက်က ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးယုက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးလူဝ၊ သား ကိုအေးကျော်၊ ကိုသောင်းထိုက်ဝင်းတို့အား ရည်စူး၍ ဒေါ်အိလေးနှင့် သားသမီးမြေးတစ်စုတို့က အမှတ် ၁၆ သာသနာ့ရိပ်သာလမ်း ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့သို့ ငွေပဒေသာပင်အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးတင်ရွှေနှင့် အမှုဆောင်အဖွဲ့ဝင်များက လက်ခံယူကြစဉ်။ (က-ပ)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပြည်သာယာ ပန်းဥယျာဉ်သာယာ လှပရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို ဒီဇင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ထွန်း ကြပ်မတ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား တက်ရောက်၍ မိန့်ခွန်းပြောကြား

အကောင်းဆုံးသင်တန်းသားဆု

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသား မောင်မောင်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ စာမျက်နှာ ၁၁ ကော်လံ ၁ ☆

လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲကျင်းပပုံ မြန်မာ့ရုပ်/ သံမှ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျင်းပမည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ထိုနေ့ နံနက် ၆ နာရီ၄၅မိနစ်မှ စတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော် မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက် ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေ့ကျင့်ရေးထူးချွန်ဆု

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား တက်နေဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

❒ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုထိပါးလာမည့် ခေတ်သစ်ကိုလိုနီများ၏ အန္တရာယ်၊ ပုဆိန်ရိုးပြည်ဖျက်များ၏ ကောက်ကျစ်သည့် အကြံအစည် ဖန်တီးမှု အသွယ်သွယ်ကို မပြတ်သော သတိဖြင့် အစဉ်ဂရုပြု ကာကွယ်သွားကြရမည်။

ကြည်ဝင်းညွန့်၏ နိုင်ငံတော်၏ နလုံးသား ဒို့တာဝန်အရေးသုံးပါးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်ကြမည် ဆောင်းပါး (စာ- ၈ နှင့် ၉)

❒ လွတ်လပ်ရေးနေ့အမိဋ္ဌာန်

ဇော်မင်းမင်းဦး ၏ ကဗျာ (စာ-၉)

❒ အသက်၊ သွေး၊ ချွေးရင်းပြီး ရယူခဲ့ရတဲ့ လွတ်လပ်ရေးကို

မင်းဦး (ဒဿန)၏ ကာတွန်း (စာ-၉)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အကျဉ်းသား(၂၈၃၁)ဦးအား လွတ်ငြိမ်းသက်သာခွင့်ပေး

နေပြည်တော် ဇန်နဝါရီ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် တိုင်းရင်းသားပြည်သူများ၏ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များ ချမှတ်ခဲ့ရသည်။ သို့ရာတွင် ပြစ်ဒဏ်ကျအကျဉ်းသားများအား နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့အင်အားများ ဖြစ်လာစေရေးအတွက်လည်း ရုပ်ပိုင်းဆိုင်ရာ ပံ့ပိုးဖြည့်ဆည်းမှုများနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုများကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

အထိမ်းအမှတ်

ယင်းသို့ စီမံဆောင်ရွက်ပေးမှုကြောင့် အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ရေးရာ ပြောင်းလဲတိုးတက်ကောင်းမွန်လာသော အကျဉ်းသား ၂၈၃၁ဦးတို့အား နိုင်ငံတော် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်လာစေရေးအတွက်လည်းကောင်း၊ ၂၀၀၇ခုနှစ် ဇန်နဝါရီ၄ ရက်တွင်ကျရောက်သည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ်လည်းကောင်း ဇန်နဝါရီ ၃ ရက် ယနေ့တွင် ပြစ်ဒဏ်ကျခံနေခြင်းမှ လွတ်ငြိမ်းသက်သာခွင့်ပေးလိုက်ကြောင်း သိရသည်။

လွတ်ငြိမ်းသက်သာခွင့်

ထို့အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ၂၀၀၄ခုနှစ် နိုဝင်ဘာ ၁၈ရက်တွင် အကျဉ်းသား ၃၉၃၇ ဦးကိုလည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက်တွင် အကျဉ်းသား ၅၃၁၁ဦးကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၂ရက်တွင် အကျဉ်းသား ၅၀၇၀ ကိုလည်းကောင်း၊ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အကျဉ်းသား ၅၅၈၈ဦးကိုလည်းကောင်း၊ ဇူလိုင် ၅ရက်တွင် အကျဉ်းသား ၄၁၀ကိုလည်းကောင်း လွတ်ငြိမ်းသက်သာခွင့် ပေးခဲ့ပြီးဖြစ်ရာ ယနေ့လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သော အကျဉ်းသား ၂၈၃၁ဦးနှင့်ပါ ဆိုပါက အကျဉ်းသားစုစုပေါင်း ၂၃၁၄၇ဦး လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**